မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကူညီအားပေးလျက်ရှိရာ မိမိတို့စက်မှုဇုန်များကလည်း ရည်မှန်းချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေခြည်ဖျန်းသော ပန်းအလားး ရွှေလီ(နမ့်ခမ်း)တံတား

➢ သတင်းမြင်ကွင်း - သိန်းဇော်(ရွှေလီဦး) ➢ ဓာတ်ပုံမှတ်တမ်း - ဖြိုးပန်းချီ(နမ့်ခမ်း) ➢ စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၉

၂၀၀၉ ခုနှစ် ဧပြီ ၂၇ ရက်သည်ကား မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ နေ့ကြီးတစ်နေ့ပင်....။ စိမ်းစိမ်းစိုစို တပြန့်တပြော မြင်နေရသည့် နမ့်ခမ်းမြို့နယ်မှ နွေစပါးခင်းကြီးများ၊ မှိုင်းညို့ညို့ တောင်တန်းကြီးများနှင့် သစ်လွင်တောက်ပနေသော ဒေသနေပြည်သူတို့၏ လူနေအိမ်ခြေအဆောက်အအုံများကို တရွေ့ရွေ့ဖြတ်သန်းရင်း စာရေးသူတို့ စီးနင်းလာသော ကားလေးသည် နမ့်ခမ်း - ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်ဝယ် တရိပ်ရိပ်ပြေးလျက်....။

စာမျက်နှာ ၃ ကော်လံ ၃ ●

မိုးတစ်ကြိမ် နှစ်ကြိမ်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တာဝန်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အများပြည်သူလိုလားသည့် ငြိမ်းချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်နှင့် ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ကြရန် တာဝန်ကိုယ်စီရှိကြမည် ဖြစ်ပါသည်။

ဥပဒေသမားတစ်ဦး၏ ဆောင်းပါး စာ - ၁၀

30-5 (01).pmd 1 5/30/2009, 3:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၃၀ ရက်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက် တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းလက်တွဲကြိုးပမ်း

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ မေလ ၁၈ ရက်နေ့က ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက် ညီလာခံနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အကြိုညှိနှိုင်းအစည်းအဝေး(SEARO)သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက်ညီလာခံသို့ အရှေ့တောင်အာရှဒေသနိုင်ငံများမှ စုပေါင်းတင်သွင်းမည့် A(H1N1)ကာကွယ်ရေး၊ ကုသရေးနှင့် ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းအခြေအနေများ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစနစ်မြှင့်တင်ခြင်း၊ ကျန်းမာရေးအပေါ် လူမှုစီးပွားရေး၏ အကျိုးသက်ရောက်မှု သဘောထားများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ၂၀၂၀ပြည့်နှစ်၌ မျက်စိကွယ်မှုကို လျှော့နည်းသွားရန် ဆောင်ရွက်မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မူနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသို့ တီဘီရောဂါအတွက် ဆေးဝါးထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ GDF အဖွဲ့က မြန်မာနိုင်ငံသို့ တီဘီဆေးဝါးများ ၂၀၀၃-၂၀၀၅တွင် သုံးနှစ်စာ၊ ၂၀၀၆-၂၀၀၈တွင် သုံးနှစ်စာ ထောက်ပံ့ပေးခဲ့မှုကြောင့် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံအစိုးရ၏ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအပေါ် ကျေနပ်မှုရှိ၍ GDF အဖွဲ့က ၂၀၀၉ခုနှစ်အတွက် တီဘီဆေးဝါးများ အမေရိကန်ဒေါ်လာနှစ်သန်းထောက်ပံ့ရန် သဘောတူညီမှု ရရှိသည်။

မြန်မာနိုင်ငံက အနာကြီးရောဂါကင်းဝေးရေး ဆောင်ရွက်ရာ၌ Nippon Foundation က ထောက်ပံ့ခဲ့သော တိုင်းရင်းဆေးများကို ကျေးရွာများအရောက် ဖြန့်ဖြူးနိုင်ခဲ့ပြီး အနာကြီးရောဂါလူနာများတွင် ကိုယ်အင်္ဂါမသန်စွမ်းမှုများ၊ လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့သွားရန်ရှိပြီး မြန်မာနိုင်ငံ၌ တိုင်းရင်းဆေးပုံးများ ကျေးရွာအရောက်ဖြန့်ဖြူးခဲ့မှုကို ကမ္ဘာ့စံနမူနာအဖြစ်ထားရှိကာ အခြားနိုင်ငံများတွင်လည်း အလားတူဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် လူမှုစီးပွားရေး အကျိုးသက်ရောက်မှုရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံနမူနာပြုခံခဲ့ရ၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုတိုးမြှင့်ဖော်ဆောင်ရာ၌ တိုင်းရင်းသားပြည်သူများက တစ်တပ်တစ်အား ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိုလံပစ်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် မေ ၂၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် ၂၀၀၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ၂၅ မိနစ် အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲကို ဇွန်၂၀ရက်မှ ၂၂ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမတွင် ကျင်းပမည်ဖြစ်ရာ အလွတ်တန်းပြိုင်ပွဲနှင့် အသက်၂၀နှင့်အောက် လူငယ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ဇွန် ၁၉ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

မြဝတီရုပ်မြင်သံကြား

၃၀-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၂၇)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကိုယ့်လမင်းရဲ့ချစ်ခြင်းကဗျာ** ပြေတီဦး၊ သက်မွန်မြင့်၊ ဒါရိုက်တာ-ကိုဇော်(အရူဏ်ဦး)
၁၃း၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၅၁)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၃၀	၁၃။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆း၄၅	၁၄။	စားဖိုဆောင်ချစ်သူ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၈)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	အင်္ဂလိပ်စာသုတ (English Usage)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှအသစ္စာတရား** (အပိုင်း-၅၈)

ပဉ္စမအကြိမ် မုတ်သုံဖိုရမ်(၂၀၀၉) ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်

နေပြည်တော် မေ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဒေသဆိုင်ရာ ဘက်စုံသဘာဝဘေးကြိုတင် သတိပေးစနစ်မြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်း၍ ပဉ္စမအကြိမ် မုတ်သုံဖိုရမ်(၂၀၀၉) ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ထို့နောက် ဒေသဆိုင်ရာ ဘက်စုံ သဘာဝဘေး ကြိုတင် သတိပေးစနစ် မြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေသဆိုင်ရာ ဘက်စုံ သဘာဝဘေးကြိုတင် သတိပေးစနစ်မြှင့်တင်ရေးအဖွဲ့မှ ကိုယ်စားလှယ် Ms. Kareff May L.Refisura က ဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြိုတင်သတိပေး

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာဘက်စုံ သဘာဝဘေးကြိုတင်သတိပေးစနစ် မြှင့်တင်ရေးအဖွဲ့မှ ပညာရှင်တို့ တက်ရောက်ကြသည်။

ဆွေးနွေးကြမည်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတု ပြောင်းလဲမှုအခြေအနေ၊ ၂၀၀၉ခုနှစ် မုတ်သုံ ကာလအတွက် ယေဘုယျ မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များ ထုတ်ပြန်ခြင်း၊ ပြီးခဲ့သည့် ဆောင်းရာသီ ကာလအတွင်း မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် အခြေအနေများကို ဆန်းစစ်ခြင်းနှင့် ယခုနှစ် မိုးကြိုကာလတွင် ဖြစ်ပေါ်ခဲ့သော ဘစ်ဂျ်လီနှင့် အိုင်လာဆိုင်ကလုန်းမုန်တိုင်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော မုန်တိုင်းသတင်းများ၊ သတိပေးချက်များအပေါ် သက်ဆိုင်ရာဌာနများမှ မိမိတို့ လုပ်ငန်းများအလိုက် ထိရောက်စွာအရေးယူ ဆောင်ရွက်ခဲ့ပုံများနှင့် ကြိုတင် ပြင်ဆင်ထားပုံများကို သက်ဆိုင်ရာလုပ်ငန်း ကော်မတီအဖွဲ့ခွဲခြောက်ဖွဲ့ဖြင့် အသေးစိတ် ဆွေးနွေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေစာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပခုက္ကူဦးအုံးဖေ စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များမှာ အောင်သာဆန်း (သံတွဲ) ရေးသားသည့် တေးသီငှက်၏ထာဝရမိုးကောင်းကင် ကဗျာစုစာအုပ်၊ သိန်းသန်းဝင်း(မလှိုင်)ရေးသားသည့် ပိုးမင်းစိမ်းဖြူပုံသန်းလေစေတော်မူ စာအုပ်၊ မောင်တင်ဖူးရေးသားသည့် အခြေခံကြိုကြိတ်ဝါးခြင်းဆိုင်ရာ နည်းပညာရပ်များ စာအုပ်၊ နီငြိမ်း (အညာတက္ကသိုလ်)ရေးသားသည့် ကုန်းဘောင်ခေတ် (ပထမပိုင်း) ဂန္ထဝင်မြန်မာစာပေမိတ်ဆက် စာအုပ်တို့ ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ စာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်တရားသူကြီး အတွေ့အကြုံရှင်းလင်း

ရန်ကုန် မေ ၂၉

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ၂၃ရက် နံနက်၁၀နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း

အစည်းအဝေးတွင် ပြည်နယ်တရားသူကြီး ဦးမောင်မောင်က မေ ၁၁ရက်မှ ၁၃ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြီး တရားစီရင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၂၇ရက် နံနက် ၇နာရီတွင် စလင်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ ၊ စစ်သည်များ၊ မိသားစုဝင်များအားတွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် စလင်းမြို့နယ် တည်ဘိုကန်ဒေသရှိ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၏ မြေလွတ်မြေလပ် ဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာက မြေလွတ်မြေလပ် ဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် စီမံကိန်းဧရိယာအတွင်း သရက်ပင်နှင့် ဆီးပင် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းများအတွင်း ကြားသီးနှံအဖြစ် နှမ်းစိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် စလင်းမြို့နယ် တောစိမ့်ကျေးရွာရှိ တောင်သူဦးသန်းဌေး၏ နွေစပါးစံပြစိုက်ခင်း **(အပေါ်ပုံ)**နှင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာရှိ တောင်သူဦးလှကြိုင်၏ နွေစပါးစံပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တောင်သူများအား လိုအပ်သည်များ မှာကြားသည်။

ပေးအပ်

ထို့နောက် ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က လူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရေတင်လုပ်ငန်းသို့ရောက်ရှိပြီး စိုက်ပျိုးမြေများသို့ ရေပေးသွင်းနေမှုနှင့် နွေစပါးစိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်ဆေး

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် နှစ်အလိုက် ချည်မျှင်နှင့် အထည်များ ထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပွင့်ဖြူမြို့နယ်အတွင်း ကြံခင်း - ပခုက္ကူရထားလမ်း ဖောက်လုပ်နေမှု၊ ရွာသာကြီးကျေးရွာအနီးရှိ ရေတင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် မင်းဘူးမြို့သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တရားရေးဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်စာရင်းရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့တွေ့ဆုံရာတွင် ခရိုင်ဥက္ကဋ္ဌနှင့် တိုင်းဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ခရိုင်အတွင်း တရားဥပဒေစိုးမိုးရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်း မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့နှင့် မင်းဘူးမြို့ကို ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

* *ရှေ့ဖုံးမှ*

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့၏ လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၅-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ အကပြိုင်ပွဲ
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ ယုံကြည်အားထားစက်မှု(၁) ဆပ်ပြာများ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၁၀ ၅။ Yan Can Cook
- ၁၂း၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၄၉)
- ၁၃း၃၀ ၇။ **ရှင်နှောင်း ကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း [ဒါရိုက်တာ- ခင်ဇော်(ကေသီပန်)]
- ၁၃း၄၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄း၀၀ ၉။ တေးဂီတအစီအစဉ်
- ၁၄း၁၅ ၁၀။ အတီးပြိုင်ပွဲ
- ၁၄း၃၀ ၁၁။ **အနိုင်အရှုံး** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၄း၃၅ ၁၂။ International News
- ၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၅၀ ၁။ Myanmar National League MNL-Cup (2009) **(ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်)** **(ဧယျာရွှေဝါ F.C အသင်းနှင့် မကွေး F.C အသင်း)**
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၃၀ ၄။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၅။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၆။ ပဌ္ဌလက်ကျောင်းတော်
- ၇း၂၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၁၇)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
  - ၉။ နိုင်ငံတကာသတင်းများ
  - ၁၀။ မိုးလေဝသအခြေအနေ
  - ၁၁။ ကာတွန်းအစီအစဉ် ဒိုင်နိုဆောမိသားစု စွန့်စားခန်း (အပိုင်း-၁၁)
  - ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁၄)

● *ရှေ့ဖုံးမှ*

ပွဲတင်ထပ်

အခမ်းအနား ကျင်းပမည့်နေရာ ရောက်တော့ ကျယ်ဝန်းသော မဏ္ဍပ်ကြီးနှင့် စနစ်တကျ ပြင်ဆင်ထားသော ဧည့်သည်တော်ကြီးများအတွက် နေရာများ စနစ်တကျ ပြင်ဆင်ထားသလို မဏ္ဍပ်အတွင်းရောက်ရှိနေကြသည့် ဒေသခံပြည်သူများကလည်း ထိုင်ခုံများဖြင့် အပြည့်ရှိနေကြသည်။ တံတားဖွင့်ပွဲမုခ်ဦးကြီးအနီးရှိနေကြသော ယဉ်ကျေးမှုဌာနမှ မင်္ဂလာစည်တော်အဖွဲ့အပြင် လူငယ်ဘင်ခရာအဖွဲ့၊ အိုးစည်ဗိုင်းများ၊ အကပဒေသာအဖွဲ့များဖြင့် တံတားကြီးအနီး တီးမှုတ်ကခုန်လျက်နေကြသည့်အသံမှာ တောင်ကမ်းပါးယံတွင် ဘဝဂ်ညံလျက်ရှိသည်။

"ဟောဒီဖွင့်ပွဲကို တက်ရောက်လာကြတဲ့… အခုမြင်နေရတဲ့လူတွေအားလုံးနဲ့ သူတို့မိသားစုဝင်တွေအားလုံးဟာ ဟောဒီ ရွှေလီကြိုးတံတားကို အသုံးပြုပြီး ကူးလူးသွားကြမယ့်လူတွေဆိုရင် မမှားဘူးဗျ။ ဒီတံတားသစ်ကြီးပြီးသွားတော့ ကျွန်တော်တို့ဒေသအတွက် အစစအရာရာအထူးအားထားရပြီပေါ့ဗျာ"

တံတားဖွင့်ပွဲတွင် တွေ့ဆုံခဲ့ရသည့် ဒေသခံ နမ့်ခမ်းမြို့သား ဦးစိုင်းခမ်းက အပြုံးတွေတဝေဝေဖြင့် ပြောပြသည်။

ခံ့ညားထည်ဝါသော တံတားသစ်ကြီးကို ကြည့်ပြီး တက်ရောက်သူအားလုံး တပြုံးပြုံးဖြစ်နေကြသည်။

မိမိတို့အဖွဲ့လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ သမိုင်းတွင်မည့် တံတားကြီးပေါ်သို့ လမ်းလျှောက်ဖြတ်သန်းကြပါသည်။

လမ်းညွှန်ချက်နှင့်အညီ

"ဟိုမှာမြင်နေရတဲ့ တံတားကတော့ ၁၉၄၅ခုနှစ်က ဆောက်ထားခဲ့တဲ့ ကြိုးတံတားအဟောင်းပေါ့၊ အခုလို ယာဉ်အမျိုးမျိုးနဲ့ ဒေသတစ်ခုနဲ့တစ်ခု ဆက်သွယ်ကြ၊ ကုန်စည်စီးဆင်းမှုတွေ များပြားပြီး မြန်ဆန် သွက်လက်ဖို့လိုလာတဲ့ အချိန်မှာတော့ အခုလို တံတားကြီးမျိုး လိုအပ်လာပြီ ဖြစ်တဲ့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ ပေါ်ထွက်လာတာပေါ့ဗျာ"

မိမိတို့နှင့်အတူပါလာသူ အင်ဂျင်နီယာဘွဲ့ရ ကိုကျော်ကျော်မှ ပြောလိုက်သလို မူဆယ် အထက(၁)မှ အလယ်တန်းပြဆရာ ဦးမြင့်ရွှေကလည်း -

"ဟုတ်တယ်ဗျ၊ ကိုကျော်ကျော်ပြောသလိုပဲ၊ ဟောဒီ မန္တလေး- လားရှိုး၊ နမ့်ခမ်း-ဗန်းမော် လမ်းမကြီးအတိုင်း ဖြတ်သွားဖြတ်လာရှိတဲ့အခါတိုင်း ဝန်တင်ကားကြီးတွေ၊ ခရီးသည်တင်ကားတွေ အိပက်အိပက်နဲ့ဖြတ်နေရသလို ဟိုဘက်သည်ဘက်ဖြတ်တဲ့နေရာမှာ တစ်ဖက်ကားတန်းဖြတ်ပြီးမှ တစ်ဖက်ကားတန်းတွေ ဖြတ်ရဆိုတော့ တော်တော်ကို အချိန်တွေ လည်းကြာတယ်ဗျ"ဟု ပြောပြသည်။

ဂုဏ်ယူစရာကောင်း

"ဟုတ်တယ်ဗျ၊ တံတားဟောင်း အနေနဲ့ ခံနိုင်ဝန်ကလည်း ကျဆင်းလာတာကြောင့် အသစ်တည်ဆောက်တဲ့တံတားကြီးကို အခုနေရာဖြစ်တဲ့ နမ့်ခမ်းမြို့နယ် မိုင် (၁၀၆/၆)၊ မန္တလေး-လားရှိုး-နမ့်ခမ်း -ဗန်းမော်လမ်းမကြီးပေါ်မှာ ၂၅-၁၁-၂၀၀၄ရက်က လုပ်ငန်းစတင်ပြီး အပေါ်ထည်ဘေလီကြိုးတံတားသံကူကွန်ကရစ်၊အောက်ထည် သံကူကွန်ကရစ် အုတ်မြစ်ကိုတော့ သံကူကွန်ကရစ်၊ လွန်တူးပိုင်နဲ့ တည်ဆောက်ထားတယ်လို့ သိရတယ်ဗျ၊ အဲဒါတွေကိုလည်း နိုင်ငံခြားအတတ်ပညာရှင် အကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များရဲ့ အတတ်ပညာနဲ့ အတွေ့အကြုံများအပေါ် အခြေခံပြီး တည်ဆောက်ခဲ့ကြတာဗျ၊ နိုင်ငံတော်အတွက် အလွန်ဂုဏ်ယူစရာကောင်းတဲ့ တံတားကြီးတစ်စင်းဖြစ်သလို ၁၉၈၈ခုနှစ်ကစပြီး တည်ဆောက်ပေးခဲ့တဲ့ ပေ ၁၈၀ အထက် တံတားကြီးများအနက် ၂၂၂ စင်းမြောက်တံတားကြီးပေါ့ဗျာ" ကိုကျော်ကျော်က အားလုံးကို ပြောပြနေသလို ဆရာဦးမြင့်ရွှေကလည်း "ဟုတ်ပါတယ်ဗျာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဲဒီလို တာဝန်ယူဆောက်ပေးခဲ့တဲ့ တံတားများအနက် ဒီကနေ့မှာတော့ ထူးထူးခြားခြားတံတားသုံးစင်း တစ်ပြိုင်နက်တည်း ဖွင့်ပေးနိုင်တယ်ဆိုတော့ အလွန်မင်္ဂလာရှိတဲ့နေ့ပေါ့ဗျာ။ မကွေးတိုင်းက ဝက်ခုတ်တံတားနဲ့ တနင်္သာရီတိုင်းက ရေပုံးတံတားတွေ တစ်ပြိုင်တည်း ဒီနေ့ဖွင့်တယ်ဆိုတော့ ရွှေလီတံတားဖွင့်ပွဲကြီးဟာ အလွန်ထူးခြားနေတာပေါ့ဗျာ"

တံတားကြီးငါးစင်း

တကယ်လည်း ဦးမြင့်ရွှေ ပြောသလိုပင်။ ရွှေလီမြစ်ကူးတံတားကြီးဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပေ ၁၈၀နှင့် အထက်တံတားများအနက် ခြောက်စင်းမြောက် တံတားကြီးဖြစ်သလို ပေအရှည် ၆၀၀၊ ခန်းဖွင့်အကျယ် ၅၀+၅၀၀+၅၀ ဖြစ်ပြီး အကျယ်ပေ ၂၄ပေရှိကာ ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ပေ၄၅၀၊ အမြင့် ၃၅ပေရှိပြီး ခွင့်ပြုသည့် ယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း ၃၆တန်ဖြစ်သည်။

ဝိုင်းဝန်းထိန်းသိမ်း

"အခုလိုတံတားကြီးတွေ နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သလို ကျွန်တော်တို့ ဒေသခံပြည်သူတွေ အနေနဲ့ကလည်း အခုနဖွင့်ပွဲမှာ ဒေသခံတစ်ဦးဖြစ်တဲ့ ဦးစိုင်းသန်းဘဏ် တင်ပြပြောဆိုသွားသလို တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမယ့်အကြောင်း ပြောသွားတဲ့စကားဟာ အလွန်လေးနက်မှန်ကန်တယ်ဗျာ၊ အမှန်လည်း ဝိုင်းဝန်းထိန်းသိမ်းရမယ်ဗျ" ကျွန်တော်တို့စာပေအဖွဲ့များနှင့်အတူ စကားလက်စုံကျခဲ့သည့် နမ့်ခမ်းမြို့မှ ဦးစည္ဆန့်ကြည်က ပြောလိုက်သလို နားထောင်နေကြသူအားလုံး ခေါင်းတညိတ်ညိတ်‥။

"ဒီတံတားကြီးပေါ်မှာ ယာဉ်ကြီးယာဉ်ငယ်တွေ အသွားအလာမပြတ်ရှိနေကြသလို ဒေသခံပြည်သူတွေရဲ့ ဈေးရောင်းဈေးဝယ်၊ ထော်လာဂျီတွေနဲ့ ဆိုင်ကယ်တွေ ဥဒဟိုသွားနေကြတာ ကြည့်ခြင်းအားဖြင့် မန္တလေး၊ လားရှိုး၊ နမ့်ခမ်း၊ ဗန်းမော်လမ်းကွန်ရက်လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာပြီး ဒေသထွက်ကုန်များ ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်တိုးတက်လာခြင်းရဲ့ မြင်ကွင်းတစ်ရပ်ပေါ့။ ကျွန်မတို့ဒေသတစ်ခုလုံးအတွက် အလွန်တန်ဖိုးရှိတဲ့ တံတားကြီးပေါ့ရှင်"။

မူဆယ်တွင်အနေကြာပြီဖြစ်သော စာရေးဆရာမ မကျည်းတန် (လွိုင်ကော်)မှ ဖြည့်စွက်ပြောပြသည်။

တိုးတက်စည်ကား

ထို့နောက် မိမိတို့အဖွဲ့သည် လမ်းတစ်လျှောက်တွင် အသွားအပြန် ဥဒဟိုသွားလာနေကြသော ကားကြီးကားငယ်အမျိုးမျိုး၊ ထော်လာဂျီ၊ ဆိုင်ကယ်များပေါ်မှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို လက်ပြ နှုတ်ဆက်ရင်း လမ်းဘေးဝဲယာတွင် တပြန့်တပြော မြင်တွေ့နေရသည့် ဆင်းရွှေလီ နွေစပါးခင်းကြီးများ၊ သကြံနိမိုးကြောင့် စိမ်းစိမ်းစိုစိုဖြစ်နေသည့် သစ်တော သစ်ပင်များ၊ အလှပန်းပင်အမျိုးမျိုးနှင့် ဝေးတစ်ခါနီးတစ်လှည့်မြင်နေရသည့် တောင်ကုန်းများ၊ တောင်တန်းများကို ငေးမောခံစားရင်း တိုးတက်စည်ကား ဖွံ့ဖြိုးနေသည့် နမ့်ခမ်းမြို့ကို ဖြတ်ကျော် လာခဲ့ကြသည်။ ကားပေါ်တွင်ပါလာသည့် လူငယ်များဖြစ်သော ကိုထင်ကျော်၊ မောင်လင်းရောင်နှင့် ဖြိုးမေကိုတို့က တံတားဖွင့်ပွဲတွင် နားထောင်ခဲ့ရသည့် ရွှေလီတံတား (နမ့်ခမ်း) ဖွင့်ပွဲသီချင်းလေးကို ကျော့ကာကျော့ကာ ဆိုနေကြသည်။

အလှကျက်သရေ

သီချင်းထဲမှ **"နေခြည်ဖျန်းသောပန်းအလား၊ ရွှေလီ(နမ့်ခမ်း)တံတား"**ဆိုသည့် စာသားလေးကို အားလုံးက သဘောကျနေကြသည်။ တကယ်လည်း ရွှေလီမြစ်ကူး နမ့်ခမ်းတံတားမှာ ဒေသတစ်ခုလုံးနှင့် ဒေသခံတိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် နေခြည်ဖျန်းသောပန်းအလား ဆိုသကဲ့သို့ နိုင်ငံတော်၏ စေတနာဟူသည့် နေခြည်ဖျန်းပက်မှုကြောင့် ပေါ်ထွက်လာသည့် တံတားကြီးတည်းဟူသော အလှကျက်သရေ ထာဝရဖြာဝေနေမည့် ပန်းအလှလေးများ သဖွယ် အလွန်ပနံတင့်နေမည် ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

၂၀၀၉ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

World No-Tobacco Day, 2009

ဆေးလိပ်အန္တရာယ်ဆင်ခြင်ဖို့၊ ကျန်းမာရေးအတွက် သတိပေးစို့

"Tobacco Health Warnings"

မေလ (၃၁)ရက် 31st May

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့ရှိ ပိုးထည်ရက်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်ကို မေ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘရာဇီးအရှေ့မြောက်ပိုင်း၌ ရေကာတာကျိုးပေါက် လေးဦးသေဆုံး၊ ၂၅၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ

ရီယိုဒီဂျနေးရိုး မေ ၂၉

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပီရာရီပြည်နယ်ရှိ မြို့ငယ်လေးတစ်မြို့ဖြစ်သော ကိုကယ်ဒါအက်စ်တာကိုမြို့၌ ရေကာတာကျိုးပေါက်ခဲ့ရာ ဆယ်ကျော်သက်အရွယ်နှစ်ဦး အပါအဝင် လေးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေး အာဏာပိုင်အဖွဲ့က မေ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကာတာကျိုးပေါက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဒေသခံ ၂၅၀၀ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သည်။

ပီရန်ဂျီမြစ်အတွင်းမှ မြစ်ရေလျှံမှုကြောင့် နေအိမ် ၅၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယင်းရေကာတာ ကျိုးပေါက်မည့် လက္ခဏာများ ပြီးခဲ့သည့်လအတွင်းက စတင်ဖြစ်ပေါ်ခဲ့သည်။ ဒေသဆိုင်ရာအာဏာပိုင်များက ရေကာတာပြင်ဆင်ရေးအဖွဲ့များ စေလွှတ်ပြီး အနီးဝန်းကျင်ရှိပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်ကလည်း မိုးသည်းထန်စွာရွာသွန်းသဖြင့် ဒေသခံ ၅၀ကျော် သေဆုံးသည်။ **(အင်တာနက်)**

ဂျပန်၌ စက်မှုကဏ္ဍထုတ်လုပ်မှု ယခုနှစ် လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိ

တိုကျို မေ ၂၉

ဂျပန်နိုင်ငံ၏ စက်မှုကဏ္ဍထုတ်လုပ်မှုသည် ယခုနှစ်လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိရာ ယခင်နှစ် အလားတူကာလကထက် ၅ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ယင်းသို့ စက်မှုကဏ္ဍ ကုန်ထုတ်လုပ်မှုအဆင့်သည် ၁၉၅၃ခုနှစ်က ၇ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ယခုကာလသည် ဒုတိယအကြိမ်မြောက် အမြင့်ဆုံး ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာန၏ စစ်တမ်းအရ အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

စီးပွားရေးဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းအရ ယခုမေလအတွင်း စက်မှုထုတ်ကုန်ပမာဏ ၈ ဒသမ ၈ရာခိုင်နှုန်း လျော့ထားခဲ့ရာမှ ဇွန်လအတွင်း၌ ၂ ဒသမ ၇ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်ရန် မျှော်မှန်းထားသည်ဟုဆိုသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

အစ္စလမ္မာဘတ် မေ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဒီရာမြို့ရှိ စစ်ဆေးရေးဂိတ်၌ မေ ၂၈ ရက် ညနေပိုင်းက အင်အားပြင်းဗုံးပေါက်ကွဲမှုဖြစ်ပွားရာ**(ယာပုံ)**တစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲ

ယင်းနေ့မှာပင် ဖရွန်တီယာ ပြည်နယ်နှင့် ပက်ရှဝါတို့၌ ဗုံးပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားငါးဦးသေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

ပါကစ္စတန်အရှေ့ပိုင်းရှိ လာဟိုးမြို့၌ မေ၂၇ရက်က အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် လူ၃၀သေဆုံးခဲ့သည်။ ၄င်းနိုင်ငံအတွင်း တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများမှာ ပိုမိုဆိုးရွားလာသည်။ **(အင်တာနက်)**

ဖလူးဂျာတွင် လမ်းဘေးဗုံးကြောင့် ကန်အရာရှိသေဆုံး

ဖလူးဂျာ မေ ၂၉

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ဖြစ်ပွားခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော အမေရိကန်လူမျိုးသုံးဦးတွင် အမေရိကန်အစိုးရအရာရှိ တာရင့်စ်ဘာနစ် ပါဝင်ခဲ့ကြောင်း အမေရိကန်အရာရှိများက မေ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

သွားရောက်

ဘဂ္ဂဒက်မြို့ရှိ အီရတ်အသွင်ကူးပြောင်းရေးအကူအညီပေးရေးရုံးတွင် ဒုတိယ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော တာရင့်စ်ဘာနစ်သည် ပြီးခဲ့သည့် မေ ၂၅ရက်က အီရတ်နိုင်ငံအနောက်ပိုင်းရှိ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ အခြားအမေရိကန်အရာရှိများ၊ ကန်ထရိုက်တာများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖော်ပြ

ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၃၀ အကွာ ဖလူးဂျာမြို့အနီးတွင် မေ ၂၅ရက်က ဖြစ်ပွားခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှုတွင် ဘာနစ်သည် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၊ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအတွက် အလုပ်လုပ်နေသော အရပ်သားတစ်ဦးတို့နှင့်အတူ သေဆုံးခဲ့ကြောင်း၊ အခြားအရပ်သားအလုပ်သမားနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အင်တာနက်)**

ဟွန်ဒူးရပ်စ်၌ အင်အားပြင်းငလျင်လှုပ် ခြောက်ဦးသေဆုံး

တီဂူစီဂယ်လ်ပါ မေ ၂၉

ဟွန်ဒူးရပ်စ်နိုင်ငံ ရိုအာတန်ကျွန်းတွင် မေ ၂၈ရက်စောစောပိုင်းက လှုပ်ခဲ့သော ၇ဒသမ၁ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၅၀ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းငလျင်သည် ဒေသစံတော်ချိန် ၀၂း၂၄နာရီက ဟွန်ဒူးရပ်စ်နိုင်ငံ၏ ကာရစ်ဘီယံပင်လယ်ကမ်းလွန်ရှိ ရိုအာတန်ကျွန်းပေါ်မှ ကမ်းခြေမြို့ဖြစ်သည့် လာဆိုင်ဘာမြို့ အရှေ့မြောက်ဘက် မိုင် ၈၀ အကွာတွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကဘူမိဗေဒ တိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံမြောက်ပိုင်း လူနေအိမ်ခြေ ၆၀နှင့် အခြားအဆောက်အအုံများ အစုလိုက်အပြုံလိုက်ပျက်စီးခဲ့သည်။ **(အပေါ်ပုံ)** ငလျင်သည် ယင်းဒေသရှိ မြို့ပေါင်း ၄၂ မြို့ကိုလည်း ထိခိုက်ပျက်စီးစေခဲ့သည်။

ရိုအာတန်ကျွန်းရှိ ကျောင်းများကိုလည်း ဟွန်ဒူးရပ်စ် ပညာရေးဝန်ကြီး မာလန်ဘရီဗီက ယာယီပိတ်ထားခဲ့သည်။ ယင်းငလျင်ကြောင့် အမေရိကအလယ်ပိုင်းနှင့် ကာရစ်ဘီယံဒေသတို့တွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

ဥရောပသမဂ္ဂသင်္ဘောများက ဓားပြခုနစ်ဦးအား ဆိုမာလီယာကမ်းလွန်တွင် ဖမ်းဆီး

ဘရပ်ဆဲလ် မေ ၂၉

ဓားပြများဟု သင်္ကာမကင်းဖြစ်ရသူ ခုနစ်ဦးက ဂရိနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းကို တိုက်ခိုက်ခဲ့ပြီးနောက် ဥရောပသမဂ္ဂ (အီးယူ)ဓားပြတိုက်ဖျက်ရေးမစ်ရှင်အဖွဲ့က အေဒင်ပင်လယ်ကွေ့ ကမ်းလွန်တစ်နေရာတွင် ဖမ်းဆီးခဲ့ကြောင်း အီးယူရေတပ်မစ်ရှင်က ပြောကြားသည်။ ၄င်းဓားပြများကို ဆွီဒင်သင်္ဘောပေါ်တွင် ထိန်းသိမ်းထားသည်။ ဂရိသင်္ဘောထံမှ အန္တရာယ်ကြုံတွေ့သည့်သတင်း ရရှိခဲ့ပြီးသည့်နောက် ဆွီဒင်သင်္ဘောက ဓားပြများ၏ ရေယာဉ်နောက်သို့ လိုက်ခဲ့သည်။ ဓားပြများက ဂရိသင်္ဘောအား လက်နက်ငယ်များနှင့် ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်ခဲ့မှုကို ဆွီဒင်သင်္ဘောက တုံ့ပြန်ပစ်ခတ်ခဲ့ကြပြီး သင်္ဘောကာကွယ်ရေးတပ်ဖွဲ့ကို စေလွှတ်ခဲ့သည်။

တွေ့ရှိခဲ့

အဆိုပါတပ်ဖွဲ့က ပင်လယ်ဓားပြများထံမှ ဆက်သွယ်ရေးဂြိုဟ်တုသုံး ကိရိယာနှင့် လောင်စာစည်များ ရှာဖွေတွေ့ရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယှဉ်ပြိုင်

အမေရိကန်နိုင်ငံ နယူးယောက် မြို့၌ ကျင်းပ သည့် ၂၀၀၉ ခုနှစ် ဖက်ရှင် ပြပွဲ၌ တူရကီနိုင်ငံမှ ဖက် ရှင် မယ် တစ်ဦး၏ပါဝင် ယှဉ်ပြိုင်နေဟန် ကို မေ၂၈ရက် က တွေ့ရစဉ်။
(အင်တာနက် ဓာတ်ပုံ)

တူရကီ၌ မြေမြှုပ်မိုင်းပေါက်ကွဲ တူရကီတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

အန်ကာရာ မေ ၂၉

တူရကီနိုင်ငံအရှေ့ပိုင်းတွင် မေ၂၈ ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးသွားခဲ့ကြောင်း အနာတိုလီသတင်းဌာနက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်ချေမှုန်း

ဟာကာရီပြည်နယ် ကူကာစီမြို့အနီးရှိ ကျေးရွာတွင် ပီကေကေ အကြမ်းဖက်တပ်ဖွဲ့ဝင်များ ထောင်ထားသည့် မြေမြှုပ်မိုင်း နင်းမိပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များမှာ တူရကီနိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းရှိ ပီကေကေအကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

သေဆုံး

တူရကီနိုင်ငံ၌ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ပြည်သူလေးသောင်းကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။ **(အင်တာနက်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဧရာဝတီတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဧရာဝတီတိုင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဧရာဝတီတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့မှ တိုင်းဦးစီးမှူးများက ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်များအပေါ် ရည်မှန်းချက် ပြည့်မီကျော်လွန်ခဲ့သည့် အခြေအနေများ၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် လုပ်ငန်းလျာထား ရည်မှန်းချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

စီးပွားဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဌာနအလိုက် လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရင်း ဒေသခံပြည်သူများ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြရန် မှာကြားသည်။

နှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ထိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ကျိုက်ထို မေ ၂၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကျိုက်ထိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စွန့်လွှတ်သူစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၇ရက်က ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နာယက နယ်မြေခံတပ်နယ်မှူးဗိုလ်မှူးကြီးတောက်ထွန်းက အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။**(ယာပုံ)**

ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးနေထက်ရှိန်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌဗိုလ်မှူးပိုက်ထွေး(ငြိမ်း)တို့က ၇၅ နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၆ ဦးနှင့် စွန့်လွှတ်သူစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၁ ဦးတို့အား စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၆၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

စာပေဟောပြောပွဲ သံတွဲမြို့၌ကျင်းပ

သံတွဲ မေ ၂၉

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ မေ ၂၆ရက် ည ၇နာရီခွဲက စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာချစ်နိုင်(စိတ်ပညာ)က လူဖြစ်ရတဲ့ ရည်ရွယ်ချက် ခေါင်းစဉ်ဖြင့်ဟောပြော၍ စာရေးဆရာလယ်တွင်းသားစောချစ်က လောကကိုအလှဆင်ဖို့ ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာပေဟောပြောပွဲသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုသိမ်မြို့ မဟာဗန္ဓုလလမ်း တိုက်ကြီးကျောင်း ကုသိုလ်ဖြစ်မျက်စိကုဆေးရုံ သုံးထပ်ဆောင်ကြီး တည်ဆောက်လျက်ရှိရာ ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနေ ဦးအောင်ခ (ပညာရေး-ငြိမ်း)-ဒေါ်ခင်သန်း(ပညာရေး-ငြိမ်း)တို့၏ နှစ်(၅၀)ပြည့် မင်္ဂလာအဖြစ် (နှောင်ရိုးစားသောက်ဆိုင် အမှတ် ၁၊ ၂၊ ၃ နှင့် နှင်းဝေလွင် မြန်မာ့ထမင်းဆိုင်) သားသမီးတစ်စုက ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတိုင်းအောင်က လက်ခံယူစဉ်။ (၁၅၇)

မြတ်ပညာစာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် မေ ၂၉

ကြို့ပင်ကောက်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကျွဲဘိကျေးရွာ မြတ်ပညာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်က စံ(၅)ချက်နှင့်အညီစာကြည့်တိုက်ဖြစ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥက္ကဋ္ဌဦးလှသိန်းက သုတရသစာအုပ် ၅၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာအုပ်စာစောင် ၅၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက သုတရသစာအုပ် ၅၀၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းလေးက စာအုပ် ၅၀နှင့် အခြားအလှူရှင်ရှစ်ဦးတို့က စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်စုစုပေါင်း အုပ် ၄၅၀ ကို လှူဒါန်းခဲ့ကြပြီး အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အလှူရှင်များ တက်ရောက်ကြသည်။ **(တိုင်း ပြန်/ဆက်)**

ရမည်းသင်းမြို့ သာယာလှပရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် မေ ၂၉

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် မေ ၆ရက် နံနက် ၈နာရီက ရန်ကုန်-မန္တလေးလမ်းနှင့် သိမ်ကုန်းလမ်းဆုံရှိ မြေယာအလှရှုခင်း၌ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်း၊ ပေါင်းသင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ ရွှေတောင်မြို့နယ်တွင် တာဝန်ပေးအပ်

ရွှေတောင် မေ ၂၉

ရွှေတောင်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကား ပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးရန်နိုင်မြင့်က စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်က လယ်ယာကဏ္ဍစီမံကိန်း တာဝန်ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများနှင့် အုပ်စုဥက္ကဋ္ဌများသို့ ဇုန်နယ်မြေ တစ်ခုချင်းအလိုက် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မရမ်းကုန်း၌ဆောင်ရွက်

ရန်ကုန် မေ ၂၉

မရမ်းကုန်းမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း ဦးဆောင်သော မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ချိုချိုလွင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့သည် မေ၁၇ရက် နံနက်က မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ပန်းဥယျာဉ်လမ်းနှင့် ချမ်းသာပြည့်စုံလမ်းပိုင်းရှိ အိမ်များအား ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော ယင်လုံအိမ်သာ ခွက်အသုံးပြုမှု၊ စံပြယင်လုံအိမ်သာဖြစ်စေရန် သရုပ်ပြဆောက်လုပ်မှု၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် တံတားလေး ချောင်း ရေစီးရေလာကောင်းမွန်စေရေးတို့ကို ရပ်ကွက်ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(၁၁၁)

ဝိုင်းမော်မြို့၌ စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ဝိုင်းမော် မေ ၂၉

ဝိုင်းမော်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် စီမံကိန်းရည်မှန်းချက်တာဝန် ပေးအပ်ပွဲအခမ်းအနားကို မေ ၂၀ရက်က ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်အိအိရွှေက စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက ကျေးရွာဥက္ကဋ္ဌများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါစည်ပင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

သီပေါ မေ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိုင်းရင်းသားပြည်သူများနှင့် လယ်မြေများ အဓိကအားထားသောက်သုံးရသည့် ဖာဖိတ်ဆည်ရေသောက် လက်ယာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေတူးစက်ယန္တရားများဖြင့် မေ၁ရက်က စတင်ပြီး ပြန်လည်တူးဖော်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ရီရီစိန်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ (၀၂၀)

ရန်ကုန်-မန္တလေးခရီးစဉ် (ဒဂုံမန်း)လိုင်းသစ်ဖွင့်

ရန်ကုန် မေ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ခရီးသည်ပို့ဆောင်ရေး(အမြန်ယာဉ်)မှ ရန်ကုန်-မန္တလေးခရီးစဉ် (ဒဂုံမန်း) လိုင်းသစ်ဖွင့်ပွဲကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း အခန်း (၅) အဆောင်(က) ကုန်းလမ်းပို့ဆောင်ရေးကားဂိတ်၌ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမောင်က ဒဂုံမန်းလိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန္တလေးမြို့သို့ စတင်ထွက်ခွာမည့်ယာဉ်ပေါ်မှ ခရီးသည်များအား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

နေ့စဉ်ပြေးဆွဲရန်စီစဉ်

ကုန်းလမ်းပို့ဆောင်ရေး(ကပရ)သည် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ချိုသာသောအထူးဈေးနှုန်းဖြင့် ယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိပြီး ယခုခရီးစဉ်သည် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ဖြစ်ရာ ယင်းယာဉ်လိုင်းသစ်ကို တစ်ရက်ခြား ပြေးဆွဲ၍ ခရီးသည်ရရှိလာပါက နေ့စဉ်ပြေးဆွဲပေးရန် စီစဉ်ထားသည်။

ဝယ်ယူနိုင်

ရန်ကုန်မှ ညနေ၃နာရီထွက်ခွာပြီး မန္တလေးမှ ညနေ၄နာရီခွဲ ထွက်ခွာမည်ဖြစ်ရာ လက်မှတ်များကို အောင်မင်္ဂလာယာဉ်ရပ်နားစခန်း လက်မှတ်အရောင်းဌာန ဖုန်း-၀၁-၆၃၉၄၅၃၊ ၆၃၉၄၅၄၊ ၆၃၉၄၅၅၊ လိုင်းခွဲ ၂၆၆နှင့်မန္တလေးချမ်းမြရွှေပြည် (ကွဲဆည်ကန်) ယာဉ်ရပ်နားစခန်း ပထမထပ်အခန်း (၄) ဖုန်း- ၀၂-၅၉၀၂၄ တို့တွင် ဝယ်ယူရရှိနိုင်သည်။

ယာဉ်စီးခများ

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း ကုန်းလမ်းပို့ဆောင်ရေးမှ ပြေးဆွဲနေသော ခရီးစဉ်များ၏ ယာဉ်စီးခနှုန်းထားများမှာ နေပြည်တော်မှရန်ကုန် ငွေကျပ် ၃၅၀၀၊ နေပြည်တော်မှ မန္တလေးငွေကျပ် ၂၈၀၀၊ ရန်ကုန်မှရေနံ့ချောင်း ငွေကျပ် ၅၅၀၀၊ ညောင်ဦး ငွေကျပ် ၆၂၀၀၊ မြင်းခြံ ငွေကျပ် ၆၀၀၀၊ မိတ္ထီလာ ငွေကျပ် ၅၅၀၀နှင့်မန္တလေးမှ နဘူးအိုင်ရွာ (မြင်းခြံ) ငွေကျပ် ၉၀၀၊ မော်လမြိုင်မှ သံဖြူဇရပ် ငွေကျပ် ၆၅၀နှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ချယ်ရီလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မေ ၁၄ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကွင်းဆင်းစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် မေ ၂၉

ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၉) ဖွင့်ပွဲကို မေ ၂၅ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းခင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်ပို့ချ

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပု(**အပေါ်ပုံ**)က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် သင်တန်းဆရာများက စာကြည့်တိုက်ပညာဘာသာရပ်များ ဆက်လက်ပို့ချကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း) ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မေ ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့် (ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး (တွဲဖက်အတွင်းရေးမှူး)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်း၍ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ စောင်း ဦးအောင်ကိန်း၊ အတွင်းရေးမှူး စောင်း ဦးသန်းဝင်း၊ ဘဏ္ဍာရေးမှူး ဒေါ်မြသက်မူ၊ ပြန်ကြားရေးမှူး ဘော့(စ်) ဦးမြင့်စိုး၊ စည်းရုံးရေးမှူး ဦးကျော်လင်း၊ အဖွဲ့ဝင်များဖြစ်ကြသော မယ်ဒလင် ဦးသိန်းကြည်၊ စန္ဒရား ဦးနွေနောင်၊ ဦးတင့်ဆန်း၊ ဒေါ်ချိုမာလေးနှင့် ဘိုကလေး ဒေါ်ဝင်းဝင်းကြည်တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီခန့်အပ်လွှာကို ဦးမျိုးမြင့်လေးက ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နက်ဝပ်လုံခြုံရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) မှ ကွန်ပျူတာနှင့်ပတ်သက်သော၊ လုပ်ငန်းခွင်အမျိုးမျိုးတွင် အသုံးပြုနေသော Network ကွန်ရက်များ၏ လုံခြုံရေး စည်းမျဉ်းများကို အလွယ်တကူထိန်းချုပ်နိုင်ရန်နှင့် အသုံးပြုနိုင်ရန် ရည်ရွယ်၍ မေ ၃၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း ၂၀၅တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့် (Managing Director, M.S.T Computer Center)မှ Network Security Policies ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။

သတင်းအချက်အလက်

ဆွေးနွေးပွဲတွင် ကွန်ပျူတာအခြေပြုလုပ်ငန်းများ၊ ဆက်သွယ်ရေးကွန်ရက်များတွင် နည်းပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ ဂရုပြုအလေးထားသင့်သောအချက်များ၊ မိမိ၏အရေးကြီး သတင်းအချက်အလက်များနှင့် ကွန်ရက်စနစ်လုံခြုံရေးများအတွက် ချမှတ်သင့်သော Policies များအကြောင်း စသည်တို့ကို ရှင်းလင်းတင်ပြမည်ဖြစ်သည်။

ဆွေးနွေးနိုင်

ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ ကွန်ပျူတာကွန်ရက်အသုံးပြုသော ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းများ၊ နည်းပညာရှင်များ သာမက စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ အဆောင် ၄၊ အခန်း ၄၊ ဖုန်းနံပါတ်-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

လမ်းပေါက်ဖာထေး

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ လမ်းပေါက်မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က မကွေးမြို့ မြို့ပတ်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာလေဆေးရုံပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၇ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှမျိုးနှင့်အဖွဲ့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပုဂံညောင်ဦး၌ စက်ရေတွင်း ပြုပြင်ထိန်းသိမ်း

ပုဂံညောင်ဦး မေ ၂၉

ပုဂံညောင်ဦးမြို့နယ် ဝါခင်းကြီးကျေးရွာ စက်ရေတွင်း ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ကျေးရွာရေကော်မတီမှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်သိန်းတို့က ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကလော၌ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ ယူကလစ်သစ်မာအပင် ၂၀နှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်းတစ်ဧကစီ စိုက်ပျိုးရန် တာဝန်ပေးအပ်

ကလော မေ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) သစ်တောဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကလောမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉ခုနှစ် မိုးရာသီ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်သစ်မာအပင် ၂၀နှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ရွာ ယူကလစ်တစ်ဧကစီ စိုက်ပျိုးရန်တာဝန်ပေးအပ်ပွဲကို မေ ၁၅ရက် နံနက် ၁၀နာရီက ကလောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်က စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်နှင့် စိုက်ပျိုးပြုစုထိန်းသိမ်းပုံ နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ကလောမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်က ကျေးရွာအုပ်စု ၁၅အုပ်စုတို့မှ ကျေးရွာ ဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာများပေးအပ်သည်။

ကလောမြို့နယ်၌ ၂၀၀၉ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင်ကျွန်းသုံးပင်နှုန်းဖြင့် ကျွန်းပင် ၂၁၀၀၀၊ တစ်အိမ်ထောင် ယူကလစ် သစ်မာပင် ၂၀နှုန်းဖြင့် ယူကလစ်ပင် ၁၃၀၀၀နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ရွာတစ်ဧကနှုန်းဖြင့် ကျေးရွာ ၁၅ရွာအတွက် ယူကလစ် ၁၅ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်းသိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထက(၂) စမ်းချောင်း၌လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အထက(၆) ဗိုလ်တထောင်၌လည်းကောင်း ကျင်းပသည်။ ယင်းအခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အခမ်းအနားများတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ်၁၅သိန်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက ငွေကျပ်၂၁၂၄၀၀၀၊ စက်မှုဇုန်လုပ်ငန်းရှင်များမှ ငွေကျပ်၂၁၂၀၀၀၀၊ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၅၀၀၀၀၊ စုစုပေါင်းငွေကျပ် ၆၁၉၄၀၀၀ ကိုလည်းကောင်း၊ အနောက်ပိုင်းခရိုင်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၁၅သိန်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် အလှူရှင်များမှ ငွေကျပ်၃၈၂၈၀၀၀ စုစုပေါင်း ငွေကျပ် ၅၃၂၈၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၁၅သိန်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များမှ ငွေကျပ် ငါးသိန်း၊ စုစုပေါင်း ငွေကျပ်သိန်း၂၀ကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ကျောင်းနေအရွယ် ကလေးများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၁၅သိန်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ငွေကျပ်သိန်း ၄၀ ခြောက်သောင်း၊ စုစုပေါင်းငွေကျပ် ၅၅၆၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၉၀၈၂၀၀၀ဖြစ်ကြောင်း သိရသည်။

အခမ်းအနားများတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ကြင်မြိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်ရွှေနှင့် ဒေါက်တာဒေါ်စန္ဒာအောင်တို့က ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရုံးထိုင်တရားသူကြီးများ၊ ခရိုင် ဥပဒေအရာရှိများနှင့် တရားခံရှေ့နေ ဦးခင်မောင်ဦးတို့ တရားခံ Mr.John William Yettaw နှင့်အတူ Mr.John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ အင်းလျားကန်အတွင်းမှ ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့နှင့်စပ်လျဉ်း၍ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ယမန်နေ့မွန်းလွဲ (၁)နာရီခွဲခန့်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ရုံးထိုင်တရားသူကြီးများ၊ ခရိုင်ဥပဒေအရာရှိများနှင့် တရားခံရှေ့နေ ဦးခင်မောင်ဦးတို့သည် တရားခံ Mr.John William Yettaw နှင့်အတူ Mr.John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ အင်းလျားကန်အတွင်းမှ ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း သိရှိနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၉ ခ။ (၁)၊ တရားရုံးများလက်စွဲအပိုဒ် ၆၂၁ပြဋ္ဌာန်းချက်များနှင့်အညီ အခင်းဖြစ်ပွားနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ခြံစည်းရိုးကျော် ဝင်ရောက်ခဲ့

အခင်းဖြစ်ပွားနေရာသို့ ရောက်ရှိချိန်တွင် တရားခံ Mr.John William Yettaw ကိုယ်တိုင် ညွှန်ပြထွက်ဆိုချက်အရ ၎င်းသည် ၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်က ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံအတွင်းသို့ ပထမအကြိမ် ဝင်ရောက်စဉ်ကလည်းကောင်း၊ မေ(၃)ရက်မှ (၅)ရက်အထိ ဒုတိယအကြိမ် ဝင်ရောက်စဉ်ကလည်းကောင်း နှစ်ကြိမ်စလုံးတွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားမြိုင်လမ်းထောင့်ရှိ ကန့်လန့်ဖြတ် ရေပြွန်ကြီးအတွင်းမှ အင်းလျားကန်အတွင်း ထွက်ပြီး ကန်စပ်လမ်းအတိုင်း ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အနောက်ဘက် ၂ပေကျော်ခန့်သာမြင့်သော ခြံစည်းရိုးကို ကျော်၍ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းသည် ပထမအကြိမ်တွင် ဝင်လမ်းအတိုင်း ပြန်ထွက်ခဲ့သော်လည်း ဒုတိယအကြိမ်တွင် အင်းလျားကန်ကို ဖြတ်၍ ကန်သာယာဆေးရုံနှင့် စည်းရိုးခြားလျက်ရှိသော အမေရိကန်သံမှူးအိမ်ခြံ တည်ရှိရာဘက်သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်သန်းနိုင်နှင့်အဖွဲ့က မေ(၆)ရက် နံနက် (၅)နာရီခွဲခန့်တွင် အင်းလျားကန်အတွင်း Mr. John William Yettaw အား တွေ့ရှိသည့်နေရာမှာ အမေရိကန်သံမှူး၏ အိမ်ခြံဝင်းနှင့် ကိုက်(၃၀)ခန့်အကွာ ရေကူးလျှင် တစ်မိနစ်ခန့်သာ ကြာနိုင်သော နေရာ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ရိုက်ကူးထား

ယင်းသို့ တွေ့ရှိစဉ်တွင် Mr. John William Yettaw ထံမှ ရေသန့်ဘူးခွံ ၅ လီတာဝင် နှစ်ဘူး၊ အိတ်အသေးနှစ်လုံး၊ ပလတ်စတစ်ဖြင့် ရေမစိုအောင်ပတ်ထားသော ကင်မရာ၊ ပလာယာ၊ ဝက်အူလှည့်၊ လေဆာပါသည့် ခေါက်ပလာယာတစ်ခု၊ Memory Card ခြောက်ခု၊ ဓာတ်ခဲပါ ဓာတ်မီးတစ်လက်၊ ဓာတ်ခဲအလွတ်(၂၈)လုံး၊ ဦးထုပ်တစ်လုံး၊ အင်္ကျီအဖြူ အရှည်တစ်ထည်၊ ဘောင်းဘီရှည် တစ်ထည်၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာရွက် (၇)ရွက်၊ ပုံနှိပ်စာလုံးဖြင့် စာရွက် နှစ်ရွက်၊ စာအိတ်နှစ်အိတ်၊ Yettaw အမည်ပါ အမေရိကန်ပတ်စ်ပို့စ်တစ်ခု၊ အမေရိကန်ဒေါ်လာ တစ်ရာတန် နှစ်ရွက်၊ မြန်မာငွေကျပ် တစ်ထောင်တန် (၉၃)ရွက်၊ အမေရိကန်ဒေါ်လာ (၁၀)တန် နှစ်ရွက်၊ (၅၀)တန် တစ်ရွက်၊ လိပ်စာကတ်(၁၀)ခုတို့ကို တွေ့ရှိရသည်။ Yettaw ထံမှ သိမ်းဆည်းရမိသော ကင်မရာအတွင်းမှ Memory Card ကို ဖွင့်ကြည့်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းချီကားပုံ၊ ခွပ်ဒေါင်းပုံ၊ စာအုပ်စင်တို့ကို ရိုက်ကူးထားကြောင်း သိရှိရသည်။

ထို့အပြင် မေ(၆)ရက် နံနက်ပိုင်းတွင် Mr.John William Yettaw တည်းခိုနေထိုင်သည့် ကျောက်တံတားမြို့နယ်ရှိ ဗျူးတီးလဲန်း(၂) ဟိုတယ်ရှိ ၎င်း၏ အခန်း၌ သိမ်းဆည်းရမိသည့် ပစ္စည်းများမှာ Sony Model. DCR SR 45 ဗီဒီယိုကင်မရာ အသေးတစ်လုံး၊ Bushnell 3x40 ညကြည့်မှန်ပြောင်းတစ်ခု၊ Vocal Translator တစ်ခု၊ Nokia 3110-C Card ပါ လက်ကိုင်ဖုန်းတစ်လုံး၊ Gjt တံဆိပ်ပါ ဓာတ်ခဲအားသွင်းစက်တစ်ခု၊ Video Camera Sony အမျိုးအစား အားသွင်းကြိုးတစ်ခု၊ Nokia ဖုန်းအားသွင်းကြိုးတစ်ခု၊ 4 GB Memory Strick (အနက်)တစ်ခု၊ ပါကစ္စတန်နိုင်ငံလုပ် လေးမျိုးသုံး ကတ်ကြေးတစ်လက်၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ထုတ်ဝေသော မြေပုံနှင့် ဟိုတယ်လမ်းညွှန်စာရွက် လေးရွက်တို့ အပါအဝင် စုစုပေါင်းပစ္စည်း(၆၁)မျိုးတို့ကို သိမ်းဆည်းရမိခဲ့သည်။



အမေရိကန်နိုင်ငံသား John William Yettaw အား အင်းလျားကန်တွင် ဖမ်းဆီးရမိသည့်ပုံကြမ်း

သိမ်းဆည်းရမိပစ္စည်းများ

ဒေါ်အောင်ဆန်းစုကြည်နေအိမ်၌ Mr.John William Yettaw ကျန်ရစ်ခဲ့သဖြင့် သိမ်းဆည်းရမိသောပစ္စည်းများမှာ မွတ်ဆလင်အမျိုးသမီးများ ဝတ်ဆင်သော ခေါင်းစွပ်ပါ အနက်ရောင်နှစ်ထည်၊ မျက်နှာကိုစည်းသည့် အနက်ရောင်ပဝါ နှစ်ထည်၊ စကတ်အရှည် နှစ်ထည်၊ အနီရောင်ဓာတ်မီး (၁)လက်၊ ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသော ဖယောင်းရောင်စုံခဲတံ (၆)ချောင်း၊ နေကာမျက်မှန်(၃)လက်၊ ကြိုးဖြင့်ဆိုင်း၍ စည်းရသည့် (နဖူးတွင်တပ်၍ သုံးစွဲသောပစ္စည်း) မီးအချက်ပြနှစ်ခု၊ ရေကူးရာတွင် အသုံးပြုသည့် မျက်မှန်(၁)လက်၊ နှစ်ပင်ပလတ်ခေါင်းတစ်ခု၊ ဆားကစ်ကြိုး နှစ်ချောင်း၊ အားသွင်းစက် (၁)ခု၊ နားကြပ်တစ်ခု၊ ယင်းပစ္စည်းများထည့်ထားသည့် အနက်ရောင်ဇစ်ပါအိတ်၊ ဇစ်ပါသည့် ပလတ်စတစ်အိတ်(၁)ခု၊ မီးခိုးရောင်သိုးမွေးခြေအိတ် နှစ်စုံ၊ အင်္ဂလိပ်စာအုပ်အပိုင်း (၅)ပိုင်းနှင့် ဆုတ်ဖြဲထားသည့် စက္ကူများထည့်ထားသော အိတ်တစ်အိတ်တို့ ဖြစ်သည်။

Mr.John William Yettaw သည် အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး ဗီယက်နမ်စစ်ပွဲကာလအတွင်းက ဗီယက်နမ်နိုင်ငံ၌ နှစ်နှစ်ခန့် တိုက်ပွဲဝင်ခဲ့သူဖြစ်ကြောင်း၊ ၎င်းသည် မဲဆောက်နှင့် မယ်ဆိုင်မြို့မှတစ်ဆင့် ဝင်လာဖူးသူဖြစ်ပြီး မဲဆောက်ရှိ မယ်တော်ဆေးခန်းသို့ (၁၀)ကြိမ်ခန့် ရောက်ခဲ့ဖူးကြောင်း၊ ၎င်းသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ) Assistance Association For Political Prisoners(AAPP) ဌာနချုပ်မှ ဘိုကြည် ဆိုသူနှင့် တွေ့ဆုံခဲ့ဖူးကြောင်း ၎င်း၏ ထွက်ဆိုချက်များအရ သိရှိရသည်။

ဖောက်ဖျက်ခဲ့

Mr.John William Yettaw အား ဒေါ်အောင်ဆန်းစုကြည် နေထိုင်သည့် တားမြစ် ကန့်သတ်ထားသည့်နေရာ အိမ်ခြံဝင်းအတွင်းသို့ ညအချိန် တိတ်တဆိတ် ဝင်ရောက်ခဲ့မှု၊ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ပြည်ဝင်ဗီဇာဖြစ်သော ကမ္ဘာလှည့်ဗီဇာဖြင့် လာရောက်ခဲ့သော်လည်း ဥပဒေအရ ကန့်သတ်တားမြစ်ထားသော စည်းကမ်းသတ်မှတ်ချက်ကိုဖောက်ဖျက်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့် သန့်ရှင်းမှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ (၄၁)အရ ပြဋ္ဌာန်းထားသည့် ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အင်းလျားကန်အတွင်း ရေကူးခြင်းမပြုရန် တားမြစ်ချက်ကို ဖောက်ဖျက်ခဲ့မှုတို့ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် ဆက်လက် စစ်ဆေးကြားနာနေဆဲ ဖြစ်သည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဆွာချောင်းတံတားဖွင့်ပွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားရာ၌ ယနေ့သည် ပဲခူးတိုင်းအတွက်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာတံတားတစ်စင်းဖြစ်သည့် ဆွာချောင်းတံတားကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် မင်္ဂလာနေ့ပင် ဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သည့် ဆွာချောင်းတံတားသည် ပဲခူးတိုင်းအတွက် အရေးပါသည့် နိုင်ငံတော်၏ ၂၂၆စင်းမြောက် တံတားသစ်ကြီး ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပဲခူးတိုင်းအတွင်းတွင် စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)၊ ဧရာဝတီမြစ်ကူး (နဝဒေး-ပြည်)၊ ပဲခူးမြစ်ကူး (ကဝ) တံတား စသည့် မြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဆွာချောင်း တံတားသည် ပဲခူးတိုင်းအတွက် ပေ ၁၈၀နှင့်အထက် တံတားများတွင် ၁၈စင်းမြောက် တံတားကြီးဖြစ်ကြောင်း။

တီထွင်ကြံဆမှု

ယခုတံတားသစ်ကြီးကို အချိန်တိုအတွင်း တည်ဆောက်ပြီးစီးခဲ့ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ စောစီးစွာ အသုံးပြုနိုင်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့် စိတ်ရင်းစေတနာကောင်းကိုအထင်အရှားတွေ့မြင်ရမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်တစ်ဝန်း၌ တံတားများ တစ်စင်းပြီး တစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ် ထားရှိသည့် စိတ်ရင်း စေတနာရင်း၊ မြန်မာ အင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းနှင့်တီထွင်ကြံဆမှု၊ တိုင်းရင်းသား ပြည်သူများ၏ ညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို ပြဆိုလိုက်ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းသည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကဏ္ဍတွင် အရေးပါသည့်တိုင်းတစ်ခုဖြစ်ပြီး ရေတာရှည်မြို့နယ်သည်လည်း ဆန်စပါး၊ ပဲမျိုးစုံ၊ ကြံ၊ ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရေးထွက်ကုန်အတွက် အဓိက အားထားရသည့် မြို့နယ်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားလာရာတွင်ရော ကုန်စည်ပို့ဆောင်ရာမှာပါ အချိန်တိုအတွင်း ခရီးပေါက်နိုင်တော့မှာဖြစ်ကြောင်း၊ ထို့အပြင် အခြားပြည်နယ်နှင့် တိုင်းများကိုလည်း တည်ဆောက်ပြီးသည့် လမ်း၊ တံတားများကို အသုံးပြု၍ လွယ်ကူ လျင်မြန်စွာ ပေါင်းကူးဆက်သွယ်သွားလာနိုင်တော့မှာ လက်တွေ့ပင်ဖြစ်ကြောင်း။

တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ရှစ်လမ်းသွား အမြန်လမ်းမကြီးမှ တစ်ဆင့် နေပြည်တော်သို့ တိုက်ရိုက်သွားလာနိုင်သကဲ့သို့ လူနေထူထပ်သော ရန်ကုန်-ပဲခူး-နေပြည်တော်-မန္တလေး လမ်းမှ ဆွာချောင်း တံတားသစ်ကြီးကို ဖြတ်၍ နေပြည်တော်သို့ လွယ်ကူချောမွေ့လျင်မြန်စွာ သွားလာနိုင်တော့မှာလည်း ဖြစ်ကြောင်း။

လွယ်ကူမြန်ဆန်

ယခု လေးလမ်းသွား ဆွာချောင်းတံတား ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ရေတာရှည်မြို့နယ်အတွင်းရှိ သာဂရ စက်မှုဇုန်မှထုတ်လုပ်သော ယန္တရားကြီးများ၊ ရေနီစက္ကူစက်ရုံမှ ကုန်ချောပစ္စည်းများ၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောပို့ဆောင်ခြင်းများကို ကုန်ကျစရိတ်သက်သာလွယ်ကူမြန်ဆန်စွာ သယ်ယူနိုင်တော့မှာ ဖြစ်ကြောင်း။

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်အောင် အခွင့်အလမ်းကောင်းများ ရရှိလာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းပြီး မျှမျှတတ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်စေရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ် နိုင်ငံတော်သစ် ခိုင်ခိုင်မာမာပေါ်ပေါက်လာစေရန် မဆုတ်မနစ် ကြိုးပမ်းအားထုတ် ဖော်ဆောင်လျက် ရှိနေကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ဆွာချောင်းတံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညီညွတ်မှုစွမ်းအား

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ တစ်ဖွဲ့တည်းသာမက တိုင်းရင်းသား ပြည်သူများနှင့် တပ်မတော်တို့၏ပေါင်းစည်းညီညွတ်မှုစွမ်းအားကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ပေါ်ပေါက်အောင်မြင်လာခဲ့ခြင်းပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ ဖွင့်လှစ်လိုက်သည့် ဆွာချောင်းတံတားအပါအဝင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုကြရန်နှင့် မိမိတို့၏ နောင်လာနောက်သားများ အသုံးပြုနိုင်ရန် ဝိုင်းဝန်း ထိန်းသိမ်းပေးကြပါဟု ပြောကြားသည်။

အကောင်အထည်ဖော်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့သာမက တိုင်းရင်းသားပြည်သူများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီး၌ လမ်းများ၊ တံတားများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ် ချိတ်ဆက်နိုင်ရေးအတွက် သဘာဝအတားအဆီးများကို ကျော်လွှားပြီး ဖောက်လုပ် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဆွာချောင်းတံတားကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၇ခုနှစ် မေ ၂ရက်တွင် စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ဆွာချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

ယနေ့ ဖွင့်လှစ်သည့် ဆွာချောင်းတံတားသည် ပေ ၁၈၀ နှင့်အထက် တံတားများတွင် ၂၂၆စင်းမြောက် ဖွင့်လှစ်နိုင်သည့် တံတားဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်း၌ ပေ ၁၈၀ နှင့်အထက် တံတားပေါင်း အစင်း၂၀ ကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိကြောင်း၊ ၎င်းတံတားများကိုလည်း သတ်မှတ်ကာလအတွင်း အမြန်ပြီးစီး ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းကဲ့သို့ လမ်း/တံတားများ တည်ဆောက်ပေးသည့်နေရာတွင် ပြည်နယ်/ပြည်မ အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ရက်စောပြီးလျှင် ပြည်သူများ တစ်ရက်စော အသုံးပြုနိုင်ရေးဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ဆန္ဒနှင့် စေတနာကို အလေးထား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က မည်သို့ပင် ဆောင်ရွက် ဆောင်ရွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု မရှိလျှင် တိုးတက်အောင်မြင်မှုရရှိမှာ မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် ဖွံ့ဖြိုးမှုအခြေခံများကို အသုံးချ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

၎င်းတံတားကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက်လမ်းညွှန်ပေးခဲ့သော နိုင်ငံတော်အကြီးအကဲနှင့် တကွ ဝိုင်းဝန်း ကူညီဆောင်ရွက်ခဲ့ကြသည့် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများအား အထူးဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံ ပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်ပရိသတ်များသည် တံတားကြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးမည့် မုခ်ဦးနေရာသို့ သွားရောက် နေရာယူကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဆွာချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ဆွာချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ ဖွင့်ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဆွာချောင်းတံတား အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးဘိုးပိုင် သံကူကွန်ကရစ် ရက်မနှင့် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည်။ စုစုပေါင်း တံတားအရှည်ပေ၂၇၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၄၈ပေရှိ လေးလမ်းသွား တံတားဖြစ်သည်။ တံတားတွင် တစ်ဖက်လျှင် သုံးပေစီရှိ လူသွားလမ်းပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန်၆၀ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်အဖြစ် အကျယ် ပေ ၈၀ နှင့် အမြင့် ငါးပေရှိသည်။

၂၂၆စင်းမြောက်

ဆွာချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ၁၈၀နှင့်အထက် တံတား ၂၂၆စင်းမြောက်ဖြစ်ပြီး ပဲခူးတိုင်းအနေဖြင့် ၁၈စင်းမြောက် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် တံတား ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၂၉

မူးယစ်ဆန့်ကျင်အသင်း ကျပန်းစကားနှင့်ကဗျာရွတ်ပြိုင်ပွဲ

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA)က ကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆို ပြိုင်ပွဲများကို ဇွန် ၂၁ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အထက (၆)တွင်ကျင်းပမည်ဖြစ်ရာ လျှောက်လွှာပုံစံကို အသင်းရုံးချုပ်အမှတ် ၃၇/G မြေကွက်အမှတ် ၁/H ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့တွင် အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီး ဇွန် ၁၂ရက် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဟောပြောမည်

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင် တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room တွင် မေ ၃၀ရက် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း- ၀၉-၈၇-၆၃၅၀၀နှင့်၀၉-၅၁-၁၆၉၈၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်မည်

မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် ဥက္ကလာလမ်းရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ယခင် ပွင့်ကောင်းကျောင်း)၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း ထုတ်မည်ဖြစ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် ဓာတ်ပုံများကို ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ ဖုန်း-၆၉၉၃၆၃ အလက(၁) မြောက်ဥက္ကလာပသို့ ဆက်သွယ်ပေးပို့နိုင်သည်။

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က ကွန်ပျူတာ ကွန်ရက် လုံခြုံရေးနှင့်ပတ်သက်၍ ဟောပြောပွဲကို မေ ၃၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း (၂၀၅)၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက် ဆွေးနွေးနိုင်ပြီး ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဗလာစာအုပ်များ အခမဲ့ပေးဝေမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)နှင့် မြန်မာနိုင်ငံ သစ်တောမိတ်ဆွေ အသင်းတို့ ပူးပေါင်း၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် မြို့နယ်နှစ်ခု တွင် ဗလာစာအုပ်များ အခမဲ့ပေးဝေသွားရန် စီစဉ်ထားပြီး အဆိုပါ စာအုပ် များတွင် ကျန်းမာရေးအသိပညာနှင့် သစ်ပင်သစ်တောထိန်းသိမ်းရေးဆိုင်ရာ အသိပညာရုပ်ပုံများကို စာအုပ်အဖုံး အတွင်းနှင့်အပြင်တွင် ရိုက်နှိပ်ပေးထား ကြောင်း သိရသည်။

ဝယ်အားလွန်ဆုချီးမြှင့်ပွဲ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Hotel ၌ SD Paints Co.,Ltd. ၏ ၂၀၀၈ခုနှစ် ဝယ်အားလွန် ဆုချီးမြှင့်ပွဲကို မေ ၃၁ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကျင်းပမည် ဖြစ်သည်။

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲကျင်းပမည်

လှိုင်သာယာမြို့နယ် နဝဒေးဥယျာဉ်အိမ်ရာ ရန်ကုန်-ပုသိမ်လမ်းမကြီးရှိ ဗစ်တိုးရီးယားကုန်တိုက်၌ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဇွန် ၂ရက်မှ ၆ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆိုင်ခန်းရောင်းချမှုနှင့် ပတ်သက်၍ ဖုန်း-၆၈၉၃၇၁ နှင့် ၆၈၉၃၇၂တို့သို့ ဆက်သွယ်နိုင်သည်။

ပန်းချီပြပွဲ ခင်းကျင်းပြသလျက်ရှိ

ဒဂုံမြို့နယ် အမှတ် ၃၃ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ပန်းချီဆရာ ၁၉ဦး၏ ပန်းချီပြပွဲကို မေ ၂၄ရက်က ဖွင့်လှစ်ခဲ့ရာ ဆီဆေးနှင့် အခရိုင်းလစ်လက်ရာ ပန်းချီကားများ ပြသထားပြီး ဇူလိုင် ၇ရက် ညနေ ၅နာရီအထိ ခင်းကျင်းပြသထားသည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

ဆရာချစ်နိုင်(စိတ်ပညာ)၏ လွမ်းလိုက်ပါရဲ့ စာအုပ်ထွက်ရှိ

ရန်ကုန် မေ ၂၉

ဆရာချစ်နိုင် စိတ်ပညာ၏ ၇၉အုပ်မြောက် **"လွမ်းလိုက်ပါရဲ့"**စာအုပ် **(ယာပုံ)** ထွက်ရှိလာသည်။

"လွမ်းလိုက်ပါရဲ့"စာအုပ်တွင် စာပေထွန်းကားပြန့်ပွားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဗဟို၏ တက်ကြွထက်သန်သော စေတနာတို့ကြောင့် ယခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအချို့ သွားရောက်ဟောပြောခဲ့သော ခရီးစဉ်ဟောပြောပွဲများ အကြောင်း ဆောင်းပါးများနှင့်အခြားဆောင်းပါးများကို ရေးသားဖော်ပြထားသည်။ စာဖတ်ပရိသတ်အနေဖြင့် အတွေ့အကြုံသစ်၊ အတွေးသစ်၊ အမြင်သစ်နှင့် စာပေဗဟုသုတ တိုးပွားစေရေး ဖြူစင်သောစေတနာကို ဦးထိပ်ထားလျက် လောကကောင်းကျိုးအတွက် အကျိုးပြုစာပေများ ရေးသားဖော်ပြထားသည်။ "နိုင်"စာပေ အမှတ် ၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀၊ ၀၉-၅၀-၃၄၅၀၇က ဖြန့်ချိ၍ တန်ဖိုးကျပ်၁၅၀၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

တိုးတက်လာသော လူဦးရေနှင့် တဖြည်းဖြည်း ကျဆင်းလာနေသော ကုန်းတွင်းငါးထုတ်လုပ်မှုအတွက် ခေတ်မီရေချိုငါး မွေးမြူရေးလုပ်ငန်းများက တစ်စထက်တစ်စတိုးချဲ့၍ နေရာယူလာပြီဖြစ်ပါသည်။ ကုန်းတွင်းငါးထုတ်လုပ်မှုအပိုင်းအနေဖြင့်လည်း လုံးဝလျော့ကျမသွားစေရန်နှင့် ထုတ်လုပ်မှု တိုးတက်လာစေရန် နည်းလမ်းကောင်းများရှာ၍ သဘာဝ အင်း၊ အိုင်၊ မြစ်၊ ချောင်းများကို ပြန်လည်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။

လိုက်နာရမည်

မြန်မာနိုင်ငံ၏ ကုန်းတွင်း မြစ်၊ ချောင်း၊ အင်း၊ အိုင်များကို ထိန်းသိမ်းစောင့်ရှောက်မှု အပိုင်းအနေဖြင့် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သဘာဝအင်း၊ အိုင်များအတွင်း ငါးထုတ်လုပ်မှု တိုးတက်စေရန် ငါးအားလုံးဖမ်းဆီးခြင်းမပြုဘဲ မျိုးငါးချန်လှပ်ဖမ်းဆီးခြင်းစနစ် (Capture Based Culture)နှင့် အင်း၊ အိုင်များကို ငါးမွေးကန်ကြီးများကဲ့သို့ သဘောထား၍ (အစာလုံးဝကျွေးရန်မလိုအပ်ဘဲ) ငါးသားပေါက်များ ထည့်သွင်းမွေးမြူခြင်းစနစ် (Culture Based Capture) တို့ကို မဖြစ်မနေ လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

ပြည်ပပို့ကုန်

နိုင်ငံငါးထုတ်လုပ်မှု၏ ၂၆ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့် အင်း၊ အိုင်လုပ်ငန်းများသည် ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ ၃၇၂၆အင်းရှိပြီး အငှားဂရန်ချထားနိုင်သည့် အင်းပေါင်း ၃၄၆၀ရှိသည်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံသားတစ်ဦး၏ တစ်နှစ်ငါးစားသုံးမှုမှာ ၄၉ ကီလိုဂရမ်ရှိပြီး တစ်နိုင်ငံလုံး၏ ရေချိုငါးထုတ်လုပ်မှုမှာ ၁၄၈၉၆၃၀ မက်ထရစ်တန်ရှိသည့်အနက် အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ ၈၁၄၇၄၀ မက်ထရစ်တန် ထုတ်လုပ်လျက်ရှိပါသည်။

ငါးဖမ်းနေကြသော ရေလုပ်သားများကို တွေ့မြင်ရစဉ်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

ဈေးကောင်း

ယင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ အင်း၊ အိုင်လုပ်ငန်းများသည် နိုင်ငံသားများ၏ စားနပ်ရိက္ခာကိုပါ ဖြည့်တင်းပေးနေသည့် ရိက္ခာအိုးများလည်း ဖြစ်နေကြောင်း တွေ့ရမည်ဖြစ်သည်။ အင်း၊ အိုင်များမှရရှိသော အချို့ငါးမျိုးများသည် ပြည်ပပို့ကုန်အဖြစ် ဈေးကောင်းရလျက်ရှိပါသည်။

မျိုးချန်ထား

အင်းလုပ်ငန်းရှင်တချို့အနေဖြင့် ငါးထုတ်လုပ်မှု တိုးမြင့်စေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ မျိုးစိုက်ထည့်သွင်းပေးသော ငါးသားပေါက်များအပြင် အဖတ်တင်နှုန်း ပိုမိုကောင်းမွန်စေပြီး ကြီးထွားမှုပါကောင်းစေမည့် သက်တမ်းရင့် တစ်နှစ်သား (ငါးမြစ်ချင်း၊ ငါးဖြန်း)များကို ငွေရင်းများ စိုက်ထုတ်ကာ အင်းများအတွင်းသို့ ထည့်သွင်းမွေးမြူနေကြပါသည်။ အချို့အင်းလုပ်ငန်းရှင်များသည် ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမနှင့် ဘီလား(ဂျပန်) အစရှိသော ငါးမျိုးများကို ကုန်အောင်ဖမ်းယူခြင်းမပြုဘဲ ပိဿာချိန်ပေါင်း ထောင်ချီ၍ မျိုးငါးအဖြစ် ချန်လှပ်ထိန်းသိမ်းစောင့်ရှောက်ကာ မျိုးချန်ထားကြပြီး မိုးကျသည်နှင့် အင်းအတွင်းသို့ ပြန်လည်လွှတ်ပေးလျက်ရှိပါသည်။

ငါးများ၏ ထူးခြားသည့်ဓလေ့မှာ ချန်လှပ်ထားသော မျိုးငါးများသည် မိုးကျ၍ ငါးရစ်ပေါက်ပွားချိန် ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ကွင်းအနှံ့ပေါက်ပွားရန် ထွက်ခွာသွားကြပြီး အချိန်ကျသည်နှင့် မူလနေထိုင်ရာကွင်းများသို့ အဖော်အပေါင်းများစွာ ခေါ်ယူပြီး ပြန်လာကြခြင်းဖြစ်သည်။ မျိုးငါးများများ ချန်ထားနိုင်လေ ငါးထွက်ရှိမှု ပိုမိုလေဖြစ်ပါသည်။

ပေါကြွယ်ဝ

သဘာဝပတ်ဝန်းကျင်တွင် ငါးများပေါများစေသည့် အခြေခံကျသော အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်အနေဖြင့် ငါးရစ်ငါးများ လွတ်လပ်စွာပေါက်ဖွားခွင့် ရရှိစေမည့် ငါးရစ်လိုက်မည့်ကွင်း (Spawning ground) များရှိစေရန်နှင့် ဒုတိယအချက်အနေဖြင့် ပေါက်ပွားလာသော ငါးမှုန်၊ ငါးသန်များ ရှင်သန်ကြီးပြင်းစေရန် ငါးနေ၊ ငါးထိုင်(Habitat) ရေပြင်ကျယ်ကွင်းကြီးများရှိမှသာ ထိုသဘာဝအခြေအနေပေါ်တွင် တည်မှီ၍ ငါး၊ ပုစွန်များ ပေါကြွယ်ဝမည်ဖြစ်ပါသည်။

ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိသည့် မြန်မာ့ငါးကြောင်းများကို ဤသို့တွေ့ရသည်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

တိုးချဲ့လုပ်ကိုင်

သဘာဝပတ်ဝန်းကျင်တွင် ငါးများသည် အစာလုံးဝကျွေးရန် မလိုအပ်ဘဲ သဘာဝအစာကိုသာ စားသုံး၍ ကြီးပြင်းလာကြခြင်းဖြစ်သည်။ သဘာဝရေပြင်သည် ငါးများအတွက် အစာပေါများသော နေရာဒေသဖြစ်သောကြောင့် သဘာဝတွင် ငါးပေါများလာရန် ဆောင်ရွက်ခြင်းမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေသော ငါးထုတ်လုပ်မှုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုးတက်လာသောလူဦးရေ၊ လျော့ကျလာသော ကုန်းတွင်းငါးထုတ်လုပ်မှုနှင့် ငါးမျိုးစုံတင်ပို့ခြင်းမှ ရရှိနေသော နိုင်ငံခြားဝင်ငွေများအပေါ် တည်မှီ၍ သိပ္ပံနည်းကျ ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်လျက်ရှိသော်လည်း ငါးမွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးများ၍ အစာကုန်ကြမ်း အခက်အခဲရှိနေပါသည်။ အထူးသဖြင့် ငါးမွေးမြူရေးလုပ်ငန်း၏ ၇၀ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းသော ကုန်ကျမှုသည် အစာ၏ ကုန်ကျစရိတ်ဖြစ်နေသည်။ အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှရရှိသော ငါးများသည် သဘာဝရေပြင်တွင် ပေါက်ဖွားလာသော သဘာဝအစာများကိုသာ စားသုံးကြသောကြောင့် အစာအတွက် ကုန်ကျစရိတ်လုံးဝမလိုအပ်သော ငါးမွေးမြူခြင်းပင်ဖြစ်သည်။

အောင်မြင်နေ

အထက်မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးကန်များကဲ့သို့ သဘောထား၍ သဘာဝအစာဖြင့် ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ ငါးခုံးမကြီး စသည့် ငါးသားပေါက်များ ထည့်သွင်းမွေးမြူနေကြသော အင်းများရှိသည်။ ယင်းတို့မှာ မန္တလေးတိုင်းတွင် တောင်သမန်အင်း၊ တက်သေးအင်း (မန္တလေးကန်တော်ကြီး)၊ ပလိပ်အင်း၊ စွန်ရဲအင်း၊ မြစ်တူးမြစ်စွတ်အင်း၊ လက်တောင်းအင်းများဖြစ်ပြီး စစ်ကိုင်းတိုင်းတွင် ကောင်းမှုတော်အင်း၊ ပေါက်အင်းများ ဖြစ်ကြသည်။ မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းတွင် အင်းရဲကြီးအင်း၊ ရှားခဲအင်း၊ ဒူးယားအင်း၊ တဘူးအထက်အင်း၊ ရင်အေးကြီး၊ ရင်အေးလေး (ငြိမ်းအေးကြီး-ငြိမ်းအေးလေး)၊ အကွီ ၆-ဂရံအင်း၊ သပြုလေးအင်း၊ ငါးသိုင်းချောင်းမြစ်ကျိုးအင်း၊ အိပ်ပျက်အင်းနှင့် ပဲခူးတိုင်းတွင် အင်းမအင်းများသည် ငါးထည့်သွင်းမွေးမြူခြင်းကြောင့် ထုတ်လုပ်မှု အထူးအောင်မြင်နေသော အင်းများဖြစ်ကြသည်။ အဆိုပါ အင်းများအတွင်း ငါးများကိုလွှတ်၍ မွေးမြူရာ၌ အချို့အင်းများတွင်သာ ဖြည့်စွက်အစာအဖြစ် အစာအနည်းငယ်ကျွေးသော်လည်း အများစုမှာ အစာလုံးဝမကျွေးဘဲ သဘာဝအစာကိုသာ စားသောက်ကြီးပြင်းလာကြခြင်းဖြစ်ပါသည်။

ပူးပေါင်းလက်တွဲ

သို့အတွက် မြန်မာနိုင်ငံ၏ အင်းအိုင်လုပ်ငန်းများသည် နိုင်ငံတော်အတွက် ဝင်ငွေနှင့် နိုင်ငံသားများအတွက် ငါးရိက္ခာအပြင် နိုင်ငံခြားဝင်ငွေများပါရရှိစေမည့် လုပ်ငန်းများဖြစ်သောကြောင့် အင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အင်းများ၏ ငါးထုတ်လုပ်မှုများ တိုးတက်လာစေရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း အပါအဝင် လုပ်ငန်းဆိုင်ရာအသင်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်၊ ရေလုပ်သားများနှင့် ပြည်သူများအနေဖြင့် ပူးပေါင်းလက်တွဲ၍ အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်။

(၁) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေမည့် လုပ်ဆောင်ခြင်းများကို အထူးကြပ်မတ်ထိန်းသိမ်းရမည်ဖြစ်ပါသည်။

(၂) အင်းများအတွင်း ငါးများပေါက်ဖွားရန်နှင့် ရှင်သန်ကြီးပြင်းရန် ငါးနေ၊ ငါးထိုင်များကို ပြုပြင်ပေးရန် လိုအပ်ပါသည်။

(၃) ငါးတက်-ငါးဆင်းလမ်းများ ကောင်းမွန်စေရေးအတွက် အင်း၊ အိုင်၊ မြစ်၊ ချောင်းများနှင့် ရေတိမ်ဒေသများတွင် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(၄) ငါးများမျိုးသုဉ်းအောင် ဖမ်းဆီးသောစနစ် (ရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်သုံး၍ငါးဖမ်းခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်း)များကို အထူးကြပ်မတ်တားဆီးရမည် ဖြစ်ပါသည်။

(၅) ငါးရစ်၊ ငါးသန်များ ရှာဖွေဖမ်းဆီးခြင်းကို အထူးကြပ်မတ် တားဆီးရမည်ဖြစ်ပါသည်။

(၆) အင်းများ၏ ထုတ်လုပ်မှုတိုးတက်စေရန် ငါးအားလုံးဖမ်းယူခြင်း မပြုဘဲ မျိုးချန်ပေး၍ မိုးကျသည်နှင့် အင်းအတွင်း ပြန်လည်လွှတ်ပေးနေသော အင်းလုပ်ငန်းရှင်များအား အထူးအားပေးရမည်ဖြစ်ပါသည်။

(၇) သဘာဝအစာ ပေါကြွယ်ဝသော ရေပြင်ရှိသည့် အင်းများအတွင်း နည်းလမ်းပေါင်းစုံဖြင့် အရင်းအနှီးများ စိုက်ထုတ်ကာ ငါးများ ထည့်သွင်းမွေးမြူသည့် အင်းလုပ်ငန်းရှင်များကိုလည်း အထူးအားပေးရမည် ဖြစ်ပါသည်။

(၈) အခြား အင်းလုပ်ငန်းရှင်များကိုလည်း အင်းများအတွင်း ငါးကုန်အောင်မဖမ်းဘဲ မျိုးငါးများ ချန်ထားကြရန်နှင့် ငါးထည့်သွင်း၍ (မဖြစ်မနေ) မွေးမြူကြရန် စည်းရုံးပညာပေးရမည် ဖြစ်ပါသည်။

(၉) နိုင်ငံအဝန်းရှိ ဆည်များ၊ တမံများ၊ ရေတံခါးများအတွင်း ငါးပေါများကြွယ်ဝစေရန် မျိုးစိုက်ထည့်သွင်းမှုကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၁၀) စဉ်ဆက်မပြတ် ရှိရင်းစွဲပမာဏထက် မလျော့စေဘဲ ရေရှည်ထုတ်လုပ် သုံးစွဲနိုင်သည့် ငါးလုပ်ငန်း (Sust - ainable Development Fisheries) ဖြစ်ပေါ်စေရေးအတွက် တာဝန်သိ၍ တာဝန်ရှိသော ငါးဖမ်းလုပ်ငန်း (Responsible Fisheries) ဖြစ်စေရန် စဉ်ဆက်မပြတ် ပညာပေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာတို့သည် ရေချိုငါး-ပုစွန်များကို နှစ်ခြိုက်စွာ စားသုံးကြသည့်အတွက် နှစ်ပေါင်း ရှည်ကြာစွာ ငါးများ ဖမ်းဆီးထုတ်ယူခဲ့ကြသည့် အင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ငါးရိက္ခာ ဖူလုံစေရေးကို အားထုတ်ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

(သတင်းစဉ်)

ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိသည့်ငါးပတ်များ။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

ဟင်္သာတမြို့နယ်အတွင်းရှိ ဒူးယားအင်း။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

ပြည်သူအများ အေးချမ်းတည်ငြိမ်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ လုံခြုံရေးအတွက်လည်းကောင်း၊ ပြည်သူများ၏ အေးချမ်းသာယာရေးအတွက်လည်းကောင်း၊ ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိကြပါသည်။ ဥပမာဆောင်ရလျှင် အမေရိကန်နိုင်ငံတွင် Patriot Act ကို ၂၀၀၁ခုနှစ်နောက်ပိုင်း၌ ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါသည်။ အမေရိကန်နိုင်ငံရှိ Civil Liberties ဟုခေါ်သော ပြည်သူများ၏ လွတ်လပ်မှုသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအကျိုးစီးပွား National Security Interest နှင့်ယှဉ်လာလျှင် နိုင်ငံသားတစ်ဦးချင်း၏ အခွင့်အရေးများကို ကန့်သတ်နိုင်ကြောင်း ဖော်ပြထားရှိပါသည်။ အလားတူ အင်္ဂလန်နိုင်ငံတွင် UK Prevention of Terrorism Act (1974) ၊ စင်ကာပူ၊ မလေးရှား နိုင်ငံများတွင်လည်း The Internal Security Act စသည်ဖြင့် ပြဋ္ဌာန်းထားရှိခဲ့ကြကြောင်း တွေ့ရှိရပါသည်။

မိမိတို့ မြန်မာနိုင်ငံတွင်လည်း အများပြည်သူများ အေးချမ်းသာယာစွာနေနိုင်ရေးအတွက် ခေတ်အဆက်ဆက် လုံခြုံမှုထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၇ခုနှစ် The Public Order (Preservation) Act,1947၏ ပုဒ်မ ၅တွင် အများပြည်သူအေးချမ်းတည်ငြိမ်ရေးနှင့်လုံခြုံရေးကို ထိခိုက်နစ်နာစေမည့် အန္တရာယ်မှကြိုတင်ကာကွယ်နိုင်ရန်အတွက် နှောင့်ယှက်ဖောက်ဖျက်သူအား ဖမ်းဆီးထိန်းသိမ်းနိုင်ခွင့်ကို ပြဋ္ဌာန်းထားပါသည်။ ၎င်းဥပဒေပုဒ်မ ၅(က)တွင် လူတစ်ဦးကို ထိန်းသိမ်းရန်၊ နိုင်ငံအတွင်း နေရာတစ်ခုခုသို့ မသွားလာရန်၊ သတ်မှတ်နေရာ၌ သတ်မှတ်ချိန်အတွင်းနေထိုင်ရန် ကန့်သတ်တားမြစ်ခြင်းများ ပြုနိုင်ပြီး ဖောက်ဖျက်လျှင် ထောင်ဒဏ် ၅နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

ဆက်လက်၍ ၁၉၅၀ပြည့်နှစ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေပုဒ်မ ၅(ည)တွင် "ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း ထိခိုက်စေရန်အကြောင်းရှိသောနည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမူကိုပြုလျှင် ထောင်ဒဏ် ၇နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း" ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

အလားတူ ၁၉၇၅ခုနှစ်တွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းသည် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ဖြစ်ပါသည်။

နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများဆိုသည်မှာ ပုဒ်မ ၂(က)ပါ ပြဋ္ဌာန်းချက်များအရ "နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်အောင် မည်သည့်နည်းဖြင့်မဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်သူများ၊ ပြုလုပ်ရန်အားထုတ်သူများ၊ ပြုလုပ်ရန်အားပေးသူများ၊ ပြုလုပ်ရန်ပြင်ဆင်သူများ" ကို ဆိုလိုပါသည်။

ပုဒ်မ ၇ပါပြဋ္ဌာန်းချက်အရ အထက်ပါအကြောင်းတစ်ရပ်ရပ်ကို ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခဲ့သူ သို့မဟုတ် ပြုလုပ်နေသူ သို့မဟုတ် ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သည့်အကြောင်းရှိသူ တစ်ဦး၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို အစိုးရအဖွဲ့မှ လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်ပါသည်။ ပုဒ်မ ၇ အရ လုပ်ပိုင်ခွင့်ကို အစိုးရအဖွဲ့သည် ၎င်း၏ကိုယ်စား တာဝန်ယူဆောင်ရွက်ရန် ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပုဒ်မ ၈တွင် ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၁၀ တွင် ဗဟိုအဖွဲ့သည် နိုင်ငံတော်အားထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်ဟု ဖော်ပြထားပါသည်-

(က) အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း (၆၀)ထက် မပိုစေဘဲ စုစုပေါင်း ရက် (၁၈၀)အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း။

(ခ) အရေးယူခြင်းခံရသူအား (၁)နှစ်အထိ တားဆီးမှုပြုလုပ်နိုင်ခြင်း။

အထက်ပါပြဋ္ဌာန်းချက်သည် ပုဒ်မခွဲ(က)သို့မဟုတ် ပုဒ်မခွဲ(ခ)ဟူ၍ တစ်မျိုးမဟုတ်တစ်မျိုးဟု ဖော်ပြမထားသဖြင့် နှစ်မျိုးလုံးကိုလုပ်ပိုင်ခွင့်ရှိပါသည်။ ပုဒ်မ ၁၀(က)အရ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ပုဒ်မ ၁၀(ခ)အရ တားဆီးမှုပြုခြင်းတို့သည် အရေးယူဆောင်ရွက်ပုံချင်း မတူညီကွဲပြားသဖြင့် ကာလအပိုင်းအခြားနှစ်ခုလုံးကို တစ်ခုပြီးတစ်ခု သီးခြားဆက်တိုက် ကျင့်သုံးနိုင်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေသမားတစ်ဦး

ဥပဒေပုဒ်မ ၁၃တွင် "ဗဟိုအဖွဲ့သည် အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)ပါ ကာလအပိုင်းအခြားထက်ကျော်လွန်၍ ဆက်လက်တားဆီးမှုပြုလုပ်ရန်လိုအပ်ပါက အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်"ဟုလည်းကောင်း၊ ပုဒ်မ ၁၄တွင် "အစိုးရအဖွဲ့သည်ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန်ဖြစ်စေ၊ ဆက်လက်တားဆီးမှုပြုလုပ်ရန်ဖြစ်စေ ကြိုတင်ခွင့်ပြုချက်ပေးရာတွင် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၁၀ (က)နှင့်(ခ)ပါ ကာလများအပြင် အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုချက်ဖြင့် စုစုပေါင်း (၅)နှစ်အထိ ဖော်ပြပါဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

အထက်ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခြင်းခံရသူသည် ဥပဒေနှင့်အညီ နေထိုင်ရန်လိုအပ်ပါသည်။ ဥပဒေအရ ကန့်သတ်တားဆီးထားသည်များကို ကျူးလွန်ခဲ့လျှင်မူ ဥပဒေပုဒ်မ ၂၂တွင် "အရေးယူခြင်းခံရသူတစ်ဦးဦးသည် ကန့်သတ်မိန့် သို့မဟုတ် တားဆီးမိန့်ကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊ ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ မလိုက်နာလျှင်သော်လည်းကောင်း အနည်းဆုံး ၃နှစ်မှ အများဆုံး ၅နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံစေရမည်"ဟု ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်၍ **နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏ လုံခြုံရေးအတွက်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးအတွက်လည်းကောင်း တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာကြရန် လိုအပ်ပေသည်။ ၎င်းအပြင် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေတစ်ရပ်သည် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ၂၀၀၈ခုနှစ် မေလအတွင်းက ပြည်သူအများစု၏ တစ်ခဲနက်ထောက်ခံမဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်လျက်ရှိမည်ဖြစ်သည်ကိုလည်း သတိပြုရန် လိုအပ်ပါသည်။**

ဥပဒေနှင့်ပတ်သက်လာလျှင် **Ignorance of Law is no excuse** ဆိုသည့်အတိုင်း ဥပဒေကို မသိနားမလည်ခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဥပဒေမှကင်းလွတ်ခွင့်ရနိုင်မည်မဟုတ်ပေ။ စင်စစ်မိမိတို့ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ အေးချမ်းစွာနေထိုင်လိုကြသူများသာဖြစ်ကြရာ ပြည်သူအများ၏ဆန္ဒကို လေးစားသောအားဖြင့် လူတိုင်းလူတိုင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးကို ထိခိုက်စေမည့်၊ အနှောင့်အယှက် ဖြစ်စေမည့် လုပ်ရပ်မှန်သမျှ ဆင်ခြင်ရှောင်ရှားသင့်လှပေသည်။

နိုင်ငံတော်အစိုးရ တစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်၊ နိုင်ငံ၏ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရန် တာဝန်ရှိသကဲ့သို့ ပြည်သူလူထု၏ အေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းပေးရန်လည်း တာဝန်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ၎င်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းရပြီး ၎င်းဥပဒေများကို ကျူးလွန်ချိုးဖောက်လာသူများကိုလည်း ပြစ်မှုအကြောင်းအရာပေါ်မူတည်လျက် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်ရမည်သာဖြစ်ပါသည်။

ထို့ပြင် ၂၀၀၈ခုနှစ်တွင် ပြည်သူများဆန္ဒဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဂ)တွင် "ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၈၇တွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါတာဝန်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အများပြည်သူလိုလားသည့် ငြိမ်းချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်နှင့် ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ကြရန် တာဝန်ကိုယ်စီရှိကြမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်၊ နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရန် တာဝန်ရှိသကဲ့သို့ ပြည်သူလူထု၏ အေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းပေးရန်လည်း တာဝန်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ၎င်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းရပြီး ၎င်းဥပဒေများကို ကျူးလွန်ချိုးဖောက်လာသူများကိုလည်း ပြစ်မှုအကြောင်းအရာပေါ်မူတည်လျက် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်ရမည်သာဖြစ်ပါသည်။ ဤသည်မှာ တရားဥပဒေစိုးမိုးမှု၏ အခြေခံကျသော ကျင့်သုံးမှုတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတိုင်းတွင် သမားရိုးကျ ဆောင်ရွက်လေ့ရှိကြသည့် ပြည်တွင်းဥပဒေကျင့်သုံးမှုတစ်ရပ်သာ ဖြစ်ပါသည်။

၎င်းပြင် ထိုကဲ့သို့ ဥပဒေများကို ပြဋ္ဌာန်းရခြင်း၊ ဥပဒေနှင့်အညီ အရေးယူရခြင်းများသည်လည်း မည်သူ့ကိုသာစေ၊ မည်သူ့ကိုနာစေဆိုသည့် သဘောမျိုးမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှုပြီး ဆောင်ရွက်ရခြင်းသာဖြစ်သည်ကိုလည်း နားလည်ရန် လိုအပ်ပါသည်။ "ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာလွန်ချမ်းသာ"ဆိုစကားနှင့်အညီ ဥပဒေဘောင်အတွင်းနေထိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုး ဝိုင်းဝန်းပူးပေါင်းထမ်းဆောင်သွားကြမည်ဆိုပါက လူတိုင်းလူတိုင်းသည် ဥပဒေ၏အရိပ်အာဝါသအောက်၌ လုံခြုံအေးချမ်းတည်ငြိမ်စွာ ခိုလှုံနိုင်ခွင့် ရရှိကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဥပဒေနှင့်ပတ်သက်လာလျှင် Ignorance of Law is no excuse ဆိုသည့်အတိုင်း ဥပဒေကို မသိနားမလည်ခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဥပဒေမှ ကင်းလွတ်ခွင့်ရနိုင်မည် မဟုတ်ပေ။ စင်စစ်မိမိတို့ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ အေးချမ်းစွာ နေထိုင်လိုကြသူများသာဖြစ်ကြရာ ပြည်သူအများ၏ဆန္ဒကို လေးစားသောအားဖြင့် လူတိုင်းလူတိုင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးကို ထိခိုက်စေမည့်၊ အနှောင့်အယှက်ဖြစ်စေမည့် လုပ်ရပ်မှန်သမျှ ဆင်ခြင်ရှောင်ရှား သင့်လှပေသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုးမိတ်မြို့ တောင်သူဦးစိုးမောင်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျောက်မဲမြို့နယ်နှင့် မိုးမိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ရက် နံနက်ပိုင်းတွင် ကျောက်မဲမြို့နယ် ပန်ကွမ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်သည်။

ဆက်လက်၍ ဒေသခံတောင်သူဦးကျော်အေး၏ လက်ဖက်ခြောက်လုပ်ငန်းသို့ ရောက်ရှိပြီး လက်ဖက်ခြောက်လုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လက်ဖက်ခြောက်များ နည်းစနစ်ကောင်းမွန်စွာဖြင့် ထုတ်လုပ်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ပန်စံကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် မိုင်းလုံကျေးရွာ စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ကျေးရွာဥက္ကဋ္ဌက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် မိုင်းလုံတပ်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးပဒေသာပင်များနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး အားကစားပစ္စည်းများနှင့် စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် မဘိမ်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မေ ၂၈ရက် နံနက်ပိုင်းတွင် မိုးမိတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံအုပ်ကြီးထံ ဆေးနှင့် ဆေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ပေါင်းစည်းလယ်ယာ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တောင်သူဦးစိုးမောင်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးခြံသို့ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးခြံ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးခြံလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရေး၊ ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +အင်္ဂုလိမာလသုတ် ဓာဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "လုပ်တာထဲမှာ မလုပ်တာရှာ" တရားတော်(ဒုတိယပိုင်း) (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၆:၄၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၆)
- ၈:၃၀ Global Panorama(အပိုင်း-၁)
- ၈:၅၅ လက်သည်းပန်းချီ(အပိုင်း-၃)
- ၉:၀၀ Sports World (Malaysia Master Cup)
- ၉:၃၀ Activities in the City (Jumbo Super Coil မိတ်ဆက်ပွဲ အခမ်းအနား)
- ၉:၄၅ ခနရိုးရာ အစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
- ၉:၅၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
- ၁၀:၃၀ သွားမယ်စားမယ် (Eternal Restaurant)
- ၁၀:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၁၁:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၁:၅၀ Movie Mistakes (Gladiator)
- ၁၂:၀၀ တိုင်းရင်းဆေးကို ဂုဏ်မြင့်စေမည့် Ph.D
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး ပြည်ပဝင်ငွေ ရစေရာ ဆေးဖက်ဝင် သစ်ခွစိုက်ပါ
- ၁:၀၀ လုပ်တာထဲမှာ မလုပ်တာရှာ တရားတော်(ဒုတိယပိုင်း) (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၁:၄၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Punk Fashion)
- ၃:၁၅ အမှောင်ခွင်းလို့ အလင်းဆောင်ခဲ့တယ် ရခိုင်တို့ဒေသ အမ်းမြို့နယ် (အပိုင်း-၁)
- ၃:၃၅ Activites in the City (Jumbo Super Coil မိတ်ဆက်ပွဲ အခမ်းအနား)
- ၃:၄၅ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှု အန္တရာယ် (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၄:၁၅ MRTV-4 ကာတွန်းအစီအစဉ်
- ၄:၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (ရွှေငါးတိုင်းပြည်၊ ယုဇနပလာဇာ)
- ၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ Sports World (Malaysia Master Cup)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ Fashion Music Festival (Punk Fashion)
- ၆:၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၇:၀၅ Movie Mistakes (Gladiator)
- ၇:၁၅ သွားမယ်စားမယ် (Eternal Restaurant)
- ၇:၂၅ လေလှိုင်းမှ ဖြေကြားပရိသတ်များ အမေးစကား
- ၇:၄၀ လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာ အနုပညာ (ဂီတပညာဌာနအကြောင်း သိကောင်းစရာ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ ခံစားချက်တို့ ပေါင်းစုံရာ .... ငပလီကမ်းခြေသာ
- ၈:၃၀ World of Knowledge (Humpback Whale)
- ၉:၀၀ Sports World (Malaysia Master Cup)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၆)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ သန့်ရှင်းလတ်ဆတ်သောဆီသန့်မှသည် ကျန်းမာရေးဆီသို့
- ၁၂:၁၅ တိရစ္ဆာန်လေးတွေ မွေးကြမယ် (ရွှေငါးတိုင်းပြည်၊ ယုဇနပလာဇာ)
- ၁၂:၂၅ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှု အန္တရာယ် (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁၂:၅၀ ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup Final ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Chelsea - Everton	Star Sports (Live)

မေ၂၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အရည်အသွေးမီ လယ်ယာသုံးစက်ကိရိယာများကို မြို့နယ်အတွင်း ကျေးရွာများသို့အရောက် ရောင်းချစနစ်ဖြင့် လိုက်လံရောင်းချရာတွင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ဝင်းက ရှင်းလင်းပြောကြားစဉ်။ (၁၈၃)

ဂျပန် - မဲခေါင်နိုင်ငံများ အသက်(၁၅)နှစ်အောက် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း ပါဝင်ယှဉ်ပြိုင်

ရန်ကုန် မေ ၂၉

ဇွန် ၆ရက်မှ ၉ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပမည့် ဂျပန်-မဲခေါင် နိုင်ငံများ အသက်(၁၅)နှစ်အောက် ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်းအား နှုတ်ဆက်ညှိခံပွဲကို ယနေ့မွန်းလွဲ ၁၂နာရီခွဲက ဆီဒိုးနားဟိုတယ်ရှိ မင်းတုန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Nogawa Yasuaki နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ မြန်မာလူငယ်ဘောလုံးအသင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

တည်ခင်း

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Nogawa Yasuaki နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ယင်းနောက် ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Nogawa Yasuaki၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင် မြန်မာလူငယ်ဘောလုံးအသင်းနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

၂၁ရာစု အရှေ့အာရှ လူငယ်ချစ်ကြည်မှု ဖလှယ်ရေး စီမံကိန်းအဖြစ် ကျင်းပပြုလုပ်သည့် အဆိုပါလူငယ်ဘောလုံးပြိုင်ပွဲကို အိမ်ရှင်ဂျပန် အပါအဝင် မဲခေါင်နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းမှာ ဇွန် ၃ရက်တွင် လာအိုအသင်း၊ ထိုင်းအသင်း၊ ဇွန် ၄ရက်တွင် ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယားအသင်း၊ ဇွန် ၅ရက်တွင် ဂျပန်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ပါဝင်

ပြိုင်ပွဲဝင် မြန်မာလူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်မောင်လှိုင်၊ နည်းပြချုပ်အဖြစ် ဦးတင်မျိုးအောင်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်၊ ဆရာဝန်အဖြစ် ဒေါက်တာကျော်မင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ဖြိုး၊ ခင်ဇော်သက်၊ **နောက်တန်း**-ကိုကိုမင်း၊ ဝင်းဇင်ဦး၊ ထွန်းမင်းစိုး၊ ဟိန်းသီဟဇော်၊ ဟန်ဝင်းထွန်း၊ စိုးမင်းနိုင်၊ **အလယ်တန်း**-ညီညီမင်း၊ အောင်မျိုးထွေး၊ ရဲကိုကို၊ ဟိန်းမင်းဇော်၊ လှိုင်ဘွား၊ ထက်ဝေဖြိုး၊ **ရှေ့တန်း**-စိုင်းဝမ်းလျှိုး၊ မောင်မောင်ဝင်း၊ ငြိမ်းချမ်းထွန်းနှင့် ဇော်ဝင်းထွန်းတို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

မူးယစ်ကင်းစင် အလှဆင်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အက်ဖ်အေဖလား ဖိုင်နယ်ပွဲဆိုင်ရာ စကားသံများ

❒ **အဲဗာတန်အသင်း ကွင်းလယ်ကစားသမား နဗီးလ်က ချယ်လ်ဆီး အသင်းသည် မိမိတို့အသင်းအား လျှော့တွက်ပါက မှားလိမ့်မည်ဖြစ်ကြောင်း၊ အဲဗာတန်အသင်းသည် အက်ဖ်အေဖလားကို အကြိမ်ကြိမ်ဆွတ်ခူးခဲ့သည့် အသင်းဖြစ်ကြောင်း သတိပေးလိုက်သည်။**

■ အဲဗာတန်နှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလား ဖိုင်နယ်ပွဲတွင် ပရိသတ် ၉၀၀၀၀ဆံ့သော ဝင်ဘလေကွင်း၌ လက်မှတ်အားလုံး ရောင်းကုန်ခဲ့ပြီဖြစ်ကြောင်း အက်ဖ်အေက သတင်းထုတ်ပြန်သည်။

❒ **ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလား ဖိုင်နယ်ပွဲတွင် အဲဗာတန်အသင်း၌ တင်ကာဟေး၊ နဗီးလ်နှင့် အိုစမန်တို့ ကြံ့ခိုင်မှုအပြည့်နှင့် ပါဝင်ကစားမည့်အတွက် စိုးရိမ်စရာမရှိကြောင်း အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်စ်က ပြောကြားသည်။**

■ လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်က အက်ဖ်အေဖလား ဖိုင်နယ်ပွဲ၌ အဲဗာတန်တို့ အောင်ပွဲခံနိုင်ကြောင်း၊ အဲဗာတန်အသင်းသည် အက်ဖ်အေဖလား ဖိုင်နယ်ပွဲစဉ်များတွင် ခြေစွမ်းပြနိုင်သည့် အစဉ်အလာရှိကြောင်း ပြောကြားသည်။

❒ **အက်ဖ်အေဖလားဖိုင်နယ်ပွဲ၌ မိမိအနေဖြင့် ဂိုးရအောင်သွင်းယူမည်ဟု ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာက ပြောကြားသည်။**

■ အက်ဖ်အေဖလား ဖိုင်နယ်ပွဲ၌ အဲဗာတန်အသင်း အစွမ်းကုန်ကြိုးစားမည်ဖြစ်သော်လည်း ချယ်လ်ဆီးတို့ကစားအားကို ယှဉ်နိုင်မည်မဟုတ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

❒ **အဲဗာတန်လူငယ်ခြေတက်ကစားသမား ဟာဘော့စ်အနေဖြင့် ကြံ့ခိုင်မှုမပြည့်ဝသဖြင့် အက်ဖ်အေဖလားဖိုင်နယ်ပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အဲဗာတန်ကလပ်က သတင်းထုတ်ပြန်သည်။**

■ ချယ်လ်ဆီး တိုက်စစ်မှူး အနယ်လ်ကာသည် ဂိုးသွင်းကောင်းသူ တစ်ဦးဖြစ်သည်မှာ မှန်သော်လည်း အနယ်လ်ကာ၏ ဂိုးသွင်းမှုအနေအထားကို မိမိလေ့လာထားကြောင်း၊ ထို့ကြောင့် စိုးရိမ်ပူပန်မှု မရှိကြောင်း အဲဗာတန်ဂိုးသမား တင်ဟောင်းဝပ်က ပြောကြားသည်။

❒ **အသက် ၃၁နှစ်အရွယ်ရှိ ဘရာဇီးအသင်းနှင့် ချယ်လ်ဆီးအသင်း နောက်ခံလူ ဘယ်လက်တီ အနေဖြင့် ကြံ့ခိုင်မှုမပြည့်ဝသဖြင့် အက်ဖ်အေဖလား ဖိုင်နယ်ပွဲနှင့် လွဲချော်မည်ဖြစ်သည်။**

(အင်တာနက်)

အက်ဖ်အေဖလား ဘယ်သူဆွတ်ခူးနိုင်မလဲ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

လန်ဒန် မေ ၂၉

အင်္ဂလန်ဘောလုံးသမိုင်းရဲ့ သက်တမ်းအရှည်ဆုံးဖြစ်တဲ့ အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲရဲ့ ဒီနှစ်ဖိုင်နယ်ပွဲကို မေ ၃၀ရက်(ယနေ့) မှာ လန်ဒန်မြို့ ဝင်ဘလေကွင်းမှာ အဲဗာတန် အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ပြန်လည်ကျင်းပ

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ၁၈၇၁ခုနှစ်က စတင်ကျင်းပခဲ့တာ ဖြစ်ပြီး အဲဒီအချိန်က အင်္ဂလန်ကလပ် အသင်း

ဂူဟစ်ဒင့် ဖလားရယူနိုင်ပါ့မလား။

ပေါင်း ၁၂သင်းကို ယှဉ်ပြိုင်ကစားစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၀၁ခုနှစ် အက်ဖ်အေဖလား ဖိုင်နယ်ပွဲကစားပြီးတဲ့နောက်မှာ ရပ်နားခဲ့ရပြီး ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ခုနှစ်မှာ ပြန်လည်ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။

လေးကြိမ်ဖိုင်နယ်စွဲ

၁၉၄၅-၁၉၄၆ ခုနှစ် အက်ဖ်အေဖလားဖိုင်နယ်ပွဲက စတင်ပြီး ပြီးခဲ့တဲ့ ၂၀၀၈-၂၀၀၉ခုနှစ်အက်ဖ်အေဖလားပြိုင်ပွဲအထိ ချယ်လ်ဆီးအသင်းက နောက်ဆုံးဖိုင်နယ်ပွဲကို ခုနစ်ကြိမ်တက်ရောက်ခဲ့ပြီး လေးကြိမ်ဖိုင်နယ်စွဲခဲ့ပါတယ်။ ဒုတိယက သုံးကြိမ်ရရှိခဲ့တာဖြစ်ပြီး ဖိုင်နယ်စွဲခဲ့တဲ့နှစ်တွေက ၁၉၆၆-၁၉၆၇၊ ၁၉၆၉-၁၉၇၀၊ ၁၉၉၆-၁၉၉၇နဲ့ ၂၀၀၆-၂၀၀၇ခုနှစ်တွေက ဖြစ်ပါတယ်။

သုံးကြိမ်ဖိုင်နယ်စွဲ

အဲဗာတန်အသင်းကတော့ အက်ဖ်အေဖလားနောက်ဆုံးဖိုင်နယ်ပွဲကို ခုနစ်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး သုံးကြိမ် ဖိုင်နယ်စွဲခဲ့ပါတယ်။ အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့တဲ့နှစ်တွေကတော့ ၁၉၆၅-၁၉၆၆၊ ၁၉၆၇-၁၉၆၈ နဲ့ ၁၉၉၄-၁၉၉၅ခုနှစ်တွေဖြစ်ပါတယ်။ ဒီလိုဖိုင်နယ်စွဲခဲ့တဲ့နေရာမှာ ၁၉၉၄-၁၉၉၅ခုနှစ်က မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ ပွဲစဉ်လည်း ပါဝင်ခဲ့ပါတယ်။

ထူးခြားနေ

အက်ဖ်အေဖလားရဲ့ လက်ရှိပိုင်ရှင်ကတော့ ပို့စ်မောက်အသင်းဖြစ်ပေမယ့် ဒီနှစ်မှာတော့လမ်းခုလတ်မှာပဲ ကျန်ရစ်ခဲ့ပြီဖြစ်ပါတယ်။ အဲဗာတန်နဲ့ ချယ်လ်ဆီးတို့ဟာ အက်ဖ်အေဖလား ဖိုင်နယ်ပွဲမှာ တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံဖူးသေးတဲ့ အသင်းတွေဖြစ်တာမို့ ဒီပွဲဟာ ထူးခြားနေပါတယ်။

ဒါ့အပြင် အက်ဖ်အေဖလားဖိုင်နယ်ပွဲကို နှစ်သင်းစလုံး ခုနစ်ကြိမ်စီ တက်ရောက်နိုင်ခဲ့တာချင်းတူနေသလို ဖိုင်နယ်စွဲမှုမှာလည်း ကွာခြားမှု သိပ်မရှိပါဘူး။ ဒီပွဲစဉ်မှာ ထူးခြားတာက နှစ်သင်းစလုံးရဲ့ နည်းပြတွေပဲ ဖြစ်ပါတယ်။

ဆုံးဖြတ်ထား

ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်ဟာ ဒီပွဲပြီးရင် သူ့ရဲ့ မူလဘောလုံးအသင်းဖြစ်တဲ့ ရုရှားအသင်းကို ပြန်လည်ကိုင်တွယ်မှာဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြအဖြစ် ၂၀၀၈-၂၀၀၉ဘောလုံးရာသီမှာတာဝန်ယူခဲ့တာကိုကြည့်ရင် ဖလားတစ်လုံးမှမဆွတ်ခူးပေးနိုင်သေးလို့ ဒီအက်ဖ်အေဖလားဟာ ဂူဟစ်ဒင့်ဂုဏ်သိက္ခာအတွက် အရေးကြီးတဲ့ပွဲ ဖြစ်နေပါတယ်။ ဂူဟစ်ဒင့်ဟာ အင်္ဂလန်ပရီမီယာလိဂ်ကို ကျောခိုင်းမထွက်ခွာမီမှာ မှတ်တမ်းအဖြစ် ချယ်လ်ဆီးကို အက်ဖ်အေဖလားတော့ ရယူပေးသွားဖို့ ဆုံးဖြတ်ထားပါတယ်။

ဒေးဗစ်မိုရက်စ် ဘယ်လို နည်းစနစ် အသုံးပြုမလဲ။

အကောင်းဆုံးနည်းပြဆု

ဒီလိုပါပဲ အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်စ်အနေနဲ့ကလည်း သူတာဝန်စယူတဲ့ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီက စတင်ပြီး ပထမဆုံးအကြိမ် အက်ဖ်အေဖလားဖိုင်နယ်ပွဲ တက်ရောက်နိုင်ခဲ့တာဖြစ်တာမို့ ဒီအခွင့်အရေးကို အကျိုးရှိအောင် ကြိုးစားမှာ သေချာနေပါတယ်။ ဒါ့အပြင် ဒီနှစ် ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဘောလုံးအသင်း မန်နေဂျာတွေက ရွေးချယ်ပေးထားတဲ့ အကောင်းဆုံးနည်းပြဆုကို ရရှိထားသူမို့ ဒီဆုနဲ့ထိုက်တန်တဲ့ နည်းပြအရည်အချင်းရှိကြောင်း ပြသရမှာဖြစ်ပါတယ်။

ချယ်လ်ဆီးဘောလုံးသမားများ

ချယ်လ်ဆီးအသင်းအနေနဲ့ အက်ဖ်အေဖလားဖိုင်နယ်ပွဲမှာ ပါဝင်ကစားမယ့် ဘောလုံးသမားတွေကို သတင်းထုတ်ပြန်တဲ့အခါ **ဂိုး**-ပီတာချက်၊ **နောက်တန်း**-ဘော့စင်ဝါ၊တယ်ရီ၊ အဲလက်၊ အက်ရှ်လေကိုး၊ **ကွင်းလယ်**-အက်ဆီယံ၊ လမ်းပတ်နဲ့ မာလူဒါ၊ **ရှေ့တန်း**-ဒရော့ဘာ၊ အနယ်လ်ကာနဲ့ ကာလူးတို့ ပါဝင်ကစားမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဒေကို၊ ဘောလက်၊ မီခေးလ်၊ အီဗန်ဒိုဗစ်တို့လည်း အချိန်ပိုင်း ပါဝင်ကစားဖို့ ရှိနေပါတယ်။

အဲဗာတန်ဘောလုံးသမားများ

အက်ဖ်အေဖလား ဖိုင်နယ်ပွဲဟာ ဝင်ဘလေကွင်းမှာ ကစားရတာဖြစ်ပေမယ့် အဲဗာတန်အသင်းက အိမ်ရှင်သဘောမျိုး ကစားရမှာဖြစ်ပါတယ်။ အဲဗာတန်အသင်းမှာ ပါဝင်ကစားမယ့် ဘောလုံးသမားတွေကတော့ **ဂိုး**-တင်ဟောင်းဝပ်၊ **နောက်တန်း**-ယိုဘို၊ လက်စ်ကော့၊ ဂျာဂီကာနဲ့ ဘိုင်နက်စ်၊ **အလယ်တန်း**-အာတီတာ၊တင်ကာဟေး၊ဖလာမီနီ၊ နဗီးလ်နဲ့အိုစမန်၊ **ရှေ့တန်း**-ယာကူဘူတို့ ပါဝင်ကစားကြမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဂျို၊ ဆာဟာနဲ့ ဟစ်ဘတ်တို့လည်း အချိန်ပိုင်းပါဝင်ကစားဖို့ ရှိတယ်လို့ အဲဗာတန်ကလပ်က သတင်းထုတ်ပြန်ထားပါတယ်။

ဒါကြောင့်ဒီနေ့ကစားမယ့်အက်ဖ်အေဖလားဖိုင်နယ်ပွဲမှာ လက်ရှိအနေအထားအရ ချယ်လ်ဆီးတို့အားသာမှုရှိတာ မှန်ပေမယ့် အဲဗာတန်ကိုလည်း လျှော့တွက်လို့မရဘူး။ ခန့်မှန်းလို့မရနိုင်တဲ့ ဘောလုံးပွဲရလဒ်တွေကြောင့်ဝင်ဘလေကွင်းမှာ အက်ဖ်အေဖလား ဘယ်သူဆွတ်ခူးသွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။ **(အင်တာနက်)**

အာဆင်နယ်တွင် အနာဂတ် အမြဲအမည်းသဲကွဲရေး
တိုက်စစ်မှူးဗန်ပါစီ မျှော်လင့်ဟုဆို

လန်ဒန် မေ ၂၉

အာဆင်နယ်အသင်းနှင့် ၎င်း၏ အနာဂတ်ကို မကြာမီဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ရော်ဘင်ဗန်ပါစီက ပြောကြားသည်။

ထင်ကြေးသတင်း

ဟော်လန်နှင့် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် အာဆင်နယ်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်း နှစ်နှစ်မျှ ကျန်ရှိနေသေးပြီး စာချုပ်သစ်ချုပ်ဆိုရန်နှောင့်နှေးနေမှုသည် အသင်းမှ ထွက်ခွာစေရန် ဦးတည်နေသည်ဟူသော ထင်ကြေးသတင်းများ ဖြစ်ပေါ်စေခဲ့သည်။

ဗန်ပါစီက ၎င်းအနေဖြင့် စာချုပ်သစ် ထပ်မံတိုးချဲ့ချုပ်ဆိုရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့စဉ်တွင် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက မိမိအနေဖြင့် ဗန်ပါစီနှင့် ဆွေးနွေးရန် အခွင့်အရေးကို စောင့်နေသည်ဟု လွှန်ခဲ့သော သီတင်းပတ်က ပြောကြားခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ။

ထုတ်ဖော်ပြောကြား

အသင်းနှင့် မိမိသည် စာချုပ်သစ် ထပ်မံချုပ်ဆိုရေးကို မဆွေးနွေးရသေးကြောင်း၊ သို့သော်လည်း မကြာမီအချိန်တွင် အဖြူအမည်း သဲကွဲမည်ဖြစ်ကြောင်း၊ ယခု အချိန်အထိ မိမိပြောနိုင်သည့် အရာအားလုံးမှာ ဤမျှသာဖြစ်ကြောင်း ဗန်ပါစီက ထုတ်ဖော်ပြောကြားသည်။

စိတ်ပျက်နေ

ဖီယင်နူ ကစားသမားဟောင်း ဗန်ပါစီသည် အာဆင်နယ်တွင် ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ သို့သော်လည်း ငွေတံဆိပ်ဆုနှင့်ပင် လေးနှစ်ဆက်တိုက် လွဲနေခဲ့ရသော အာဆင်နယ်အသင်း၏အခြေအနေကို စိတ်ပျက်နေကြောင်း သတင်း၌ ဖော်ပြသည်။

လီဗာပူးတွင် ဘာဘယ်လ်ဆက်ရှိမည်

လန်ဒန် မေ ၂၉

ရှိုင်ယန်ဘာဘယ်လ်သည် ယခုနွေရာသီတွင် လီဗာပူးမှထွက်ခွာမည် မဟုတ်ကြောင်း ၎င်း၏အေးဂျင့်က ထုတ်ဖော်ပြောကြားခဲ့သည်။

လီဗာပူး တောင်ပံကစားသမား ဘာဘယ်လ်။

ဟော်လန်လက်ရွေးစင်တောင်ပံကစားသမား ဘာဘယ်လ်သည် ယခုနှစ်ဘောလုံးရာသီတစ်လျှောက်လုံး ပထမပွဲထွက် လူစာရင်းတွင်ပါဝင်ခွင့် အခွင့်အရေးအမြောက်အမြား ဆုံးရှုံးကာ အကန့်အသတ်ဖြင့်သာ ကစားခဲ့ရသဖြင့် လီဗာပူးမှ ထွက်ခွာမည်ဟု ထင်ကြေးပေးခံခဲ့ရခြင်းဖြစ်သည်။

အခိုင်အမာပြောကြား

ယင်းထင်ကြေး သတင်းများသည် မဟုတ်ကြောင်း၊ မိမိအနေဖြင့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်နှင့် မကြာမီ ဆွေးနွေးမည်ဖြစ်ကြောင်း ဘာဘယ်လ်၏ ကိုယ်စားလှယ် ဝင်နီဟာထရက်ချ်က အခိုင်အမာ ပြောကြားခဲ့သည်။

ဘာဘယ်လ်သည် မည်သည့်အရာမျှ ဆောင်ရွက်ရခြင်း မရှိသေးကြောင်း၊ မိမိအနေဖြင့် မကြာခင် ဘင်နီတက်ဇ်နှင့် ပြောဆိုဆွေးနွေးမည်ဖြစ်ကြောင်း၊ဘာဘယ်လ်သည် အေဂျက်ဇ်မှ လီဗာပူးသို့ ဖလားရယူရေး စွမ်းဆောင်ရန်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယနေ့အထိ ယင်းကဲ့သို့မစွမ်းဆောင်နိုင်ခဲ့သေးကြောင်း၊ ဘာဘယ်လ်သည် လီဗာပူးတွင် ပုံမှန်ပွဲထွက်ခွင့်ရပြီး ဆုဖလားရယူပြီးမှသာ လီဗာပူးအသင်းမှ ထွက်ခွာလိုကြောင်း ဝင်နီဟာထရက်ချ်က အေဒီစပေ့ဝါရယ်လ် အားကစားဂျာနယ်သို့ ပြောကြားခဲ့သည်။

ပွဲထွက်ခွင့်

အသက် ၂၂နှစ်ရှိ ဘာဘယ်လ်သည် ယခု ဘောလုံးရာသီတွင် ခြောက်ပွဲသာ ပွဲထွက်ခွင့်ရခဲ့ပြီး ၂၁ပွဲသာ လူစားလဲကစားခွင့်ရခဲ့သည်။ (အင်တာနက်)

ရစ်ဘာရီအား မရောင်းဟု ဘိုင်ယန်မြူးနစ်ပြောကြား

ဘာလင် မေ ၂၉

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမားရစ်ဘာရီသည် ရောင်းရန်မဟုတ်ကြောင်း၊ ချယ်လ်ဆီးအသင်းနှင့် ရစ်ဘာရီတို့ စာချုပ်ချုပ်ဆိုရန် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဆိုသော သတင်းများမှာ မမှန်ကန်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံထုတ် သတင်းစာများ၏ သတင်းစာထက်ဝက်ကျော်က လွန်ခဲ့သော သီတင်းပတ်များက ရစ်ဘာရီအား ဆက်သွယ်တွေ့ဆုံခဲ့ပြီးနောက် အသက် ၂၆နှစ်အရွယ်ရှိ ရစ်ဘာရီ ပြောင်းရွှေ့ကြေးအတွက် ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးတို့ နှစ်သင်းသည် သဘောတူညီမှုရနေကြောင်း ထင်ကြေးသတင်းများထွက်ပေါ်နေခဲ့သည်။

ဆက်ထိန်းထားလို

ရစ်ဘာရီ၏ အနာဂတ်နှင့်ပတ်သက်၍ ထင်ကြေးသတင်းများ ထွက်ပေါ်နေမှုကို မတားဆီးနိုင်သော်လည်း ၎င်းအား အသင်းတွင် ဆက်ထိန်းထားလို ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းရေးသားသည်

အင်္ဂလန်နှင့်ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီ။

ဂူဟစ်ဒင့်အား အောင်မြင်မှုဖြင့်နှုတ်ဆက်မည်
အသင်းခေါင်းဆောင်ဂျွန်တယ်ရီ ဖွင့်ဟပြောကြား

လန်ဒန် မေ ၂၉

ချယ်လ်ဆီးအသင်းသားများအနေဖြင့် အက်ဖ်အေဖလားကို ဆွတ်ခူးရယူခြင်းဖြင့် အောင်မြင်မှုရရှိသော နေ့တစ်နေ့အဖြစ် ချယ်လ်ဆီးအသင်း ယာယီနည်းပြ ဂူဟစ်ဒင့်အား နောက်ဆုံးနှုတ်ဆက်အမှတ်တရ လက်ဆောင်ပေးရန် ဆုံးဖြတ်ထားကြောင်း ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက အခိုင်အမာပြောကြားခဲ့သည်။

အက်ဖ်အေဖလားတွင် အနိုင်ရရှိအောင် စွမ်းဆောင်ပြီး ဒတ်ချ်လူမျိုးနည်းပြ ဂူဟစ်ဒင့်အား အောင်မြင်မှုဖြင့် နောက်ဆုံး နှုတ်ဆက်ရန်သာ အာရုံစိုက်နေသောကြောင့် ဂူဟစ်ဒင့်၏နေရာကို ဆက်ခံမည့်သူအား ချယ်လ်ဆီးအသင်းအနေဖြင့် မစဉ်းစားသေးဟု ခံယူထားကြောင်း အင်္ဂလန်လက်ရွေးစင်အသင်း ခေါင်းဆောင် ဂျွန်တယ်ရီက ဆိုသည်။

ဂူဟစ်ဒင့်သည် မေ ၃၀ရက် **(ယနေ့)** တွင် အဲဗာတန်နှင့်ချယ်လ်ဆီးယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားဖိုင်နယ်ပွဲပြီးနောက် ၎င်း၏အဓိကတာဝန်ဖြစ်သည့် ရုရှားလက်ရွေးစင်အသင်းနည်းပြအဖြစ် ပြန်လည်တာဝန်ယူမည်ဖြစ်သည်။

ကြည်ညိုလေးစား

ချယ်လ်ဆီးအသင်း ကစားသမားများနှင့် ပရိသတ်များအားလုံးက ဂူဟစ်ဒင့်အား စိတ်ပြောင်းရန်နှင့် အသင်းတွင်ဆက်နေရန် တိုက်တွန်းခဲ့ကြသည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းအနေဖြင့် ဂူဟစ်ဒင့်၏ ရုရှားလက်ရွေးစင်ကစားသမားများအပေါ် သစ္စာရှိမှုကို ကြည်ညိုလေးစားကြကြောင်း တယ်ရီက ဝန်ခံပြောကြားသည်။ (အင်တာနက်)

30-5 (12).pmd 1 5/30/2009, 3:15 AM

ဖခင်အမည်မှန်

အထက လှိုင်းမြို့ အဌမတန်း(ဂ)မှ မောင်အောင်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မော် ဖြစ်ပါကြောင်း။ ဦးခင်မောင်မော်။

ဖခင်အမည်မှန်

အထက လှိုင်းမြို့ တက္ကသိုလ်ဝင်တန်း(က)မှ မိုးပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ဖြစ်ပါကြောင်း။ ဦးဝင်းအောင်။



မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသော အဝတ်အထည်နှင့် ပစ္စည်းများအား ခရိုင်/မြို့နယ်များသို့ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

တောင်ကြီး မေ ၂၉

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသော အဝတ်အထည်နှင့် ပစ္စည်းများအား ခရိုင်၊ မြို့နယ်များသို့ ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၂ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းစိန်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က ၂၀၀၉ခုနှစ်အတွင်း အသင်းများက ဆောင်ရွက်ရမည့် ကျန်းမာရေးလုပ်ငန်းစဉ်များနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာနန်းသူဇာက (၁၉)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံက ချမှတ်သော ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်ကို ဖတ်ကြားပြီး ၂၀၀၉ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် စီမံချက်များကိုလည်းကောင်း၊ ခရိုင်နှင့်မြို့နယ်အသင်းများ၏ အစီရင်ခံစာ၊ ဇယားကွက်များ ဖြည့်ဆည်းထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။

ပေးအပ်

ဆက်လက်ပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ လှူဒါန်းသော အဝတ်အထည်နှင့် ပစ္စည်းများအား ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းစိန်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ခရိုင်သုံးခု၊ မြို့နယ်၊ မြို့ ၂၈ခုတို့သို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(တောင်ကြီး ကိုယ်ပွား)

အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် ကျောင်းသုံးဗလာစာအုပ်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မေ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ချက်အရ အခြေခံပညာကျောင်းများသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် ဗလာစာအုပ်များ ဖြန့်ဖြူးရောင်းချလျက်ရှိရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွှန့်အောင်နှင့် အထွေထွေမန်နေဂျာတို့က ယနေ့နံနက်ပိုင်းတွင် ဖြန့်ဖြူးရောင်းချမည့် ဗလာစာအုပ်များ သိုလှောင်ထားရှိမှု အခြေအနေများနှင့် ကျောင်းများအလိုက် ဖြန့်ဖြူးရောင်းချမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဖြန့်ဖြူးရောင်းချ

အဆိုပါ အရည်အသွေးမှန်ပြီး ဈေးနှုန်းသက်သာသည့် ဗလာစာအုပ်ငါးမျိုးကို ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများစစ်ဆေး

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မေ ၂၇ရက်တွင် ကော့မှူးမြို့ မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး ဝဲ ယာရှိ ပင်မရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ကော့မှူးမြို့ မြို့မဈေးကြီး၊ ကော့မှူးမြို့နှင့် ထမ္ဘနိုင်ကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်းနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတားများ ပြန်လည်ပြုပြင် ဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးသည် ကွမ်းခြံကုန်းမြို့ သုံးပန်လှလမ်းနှင့် ဗဟိုဈေးလမ်းထောင့်ရှိ အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ကွမ်းခြံကုန်းမြို့ မြို့မဈေးကြီး၏ သား၊ ငါးတန်း၊ ကညင်းကောက်-မရမ်းကျေးရွာ ဆက်နွယ်ထားသော တောပုလွဲချောင်းပေါ်ရှိ ကညင်းကောက်ကြိုးတံတား ကွဲခိုင်မှုအခြေအနေနှင့် ကွမ်းခြံကုန်းမြို့နှင့် မေတ္တာကျေးရွာ ဆက်သွယ်သည့် မြေသားလမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် မေလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၁-၅-၂၀၀၉) ရက်နေ့

၂၀၀၉ခုနှစ် ဇွန်လအတွက်

(၁၄-၆-၂၀၀၉)ရက်နေ့ နှင့် (၂၈-၆-၂၀၀၉)ရက်နေ့

မြို့သန့်ရှင်းသာယာလှပရေး သံတောင်ကြီး၌ဆောင်ရွက်

သံတောင်ကြီး မေ ၂၉

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေးအတွက် မေ၂၆ရက်က လမ်းဘေး ဝဲယာတစ်လျှောက် ရေမြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်ပိုင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးပိုလာနိုင်

ရန်ကုန် မေ ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ဝဒသမ၄၃လက်မ၊ နေပြည်တော်(သပြေကုန်း)တွင် ၁ဒသမ၃၄လက်မ၊ ရေးမြို့တွင် ၂ဒသမ၇၉လက်မ၊ ဘီးလင်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၂ဒသမ၀၅လက်မစီ၊ သံတွဲမြို့တွင် ၁ဒသမ၈၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကမ္ဘာလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မေ ၃၀ရက် ညနေအထိခန့်မှန်းချက်မှာ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဇွန်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

သပြေအိုက်ကျေးရွာ စက်ရေတွင်းပြုပြင်

ညောင်ဦး မေ ၂၉

ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သပြေအိုက်ကျေးရွာ စက်ရေတွင်း အင်ဂျင်နှင့် ရေပန့်များ ပြုပြင်သုံးစွဲမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ကျေးရွာရေကော်မတီဝင်များ ကြပ်မတ်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် လမ်းမတော်လမ်းနှင့် မက်သနောလမ်းဆုံ၌ မြေယာရှုခင်းအလှပြုပြင်ခြင်း ဆောင်ရွက်မှုကို အဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုး

အစဉ်သတိပြု

ကမ္ဘာ့အကောင်းဆုံးလေဆိပ်များ ကမ္ဘာ့အကောင်းဆုံးလေဆိပ်များ ကမ္ဘာ့အကောင်းဆုံးလေဆိပ်များ ကမ္ဘာ့အကောင်းဆုံးလေဆိပ်များ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံတကာလေဆိပ်များအနက် ကမ္ဘာ့အကောင်းဆုံး လေဆိပ်များကို နှစ်စဉ် ဇူလိုင်လအတွင်း ရွေးချယ်ဆုချီးမြှင့်လျက်ရှိရာ ၂၀၀၉ခုနှစ် အတွက် ဆုရွေးချယ်ခြင်းမပြုမီ ဆုရရှိမည်ဟု နာမည်ကြီးနေသော နိုင်ငံတကာ လေဆိပ်အချို့ကို စုစည်းဖော်ပြလိုက်ပါသည်။

ဟောင်ကောင်လေဆိပ်

ဟောင်ကောင် နိုင်ငံတကာလေဆိပ်သည် ၂၀၀၈ခုနှစ်က ကမ္ဘာ့အကောင်းဆုံး လေဆိပ်ဆုရရှိခဲ့သည်။ ဟောင်ကောင်လေဆိပ် (အပေါ်ပုံ)အနေဖြင့် ၂၀၀၈ခုနှစ်အထိ ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆုကို ခုနစ်ကြိမ်မြောက်ရရှိခဲ့သည့် ထူးထူးခြားခြားလေဆိပ်လည်း ဖြစ်သည်။ ဟောင်ကောင်လေဆိပ်သည် နှစ်စဉ် ခရီးသည် သန်း ၈၀ခန့် ဝင်ထွက်သွားလာနိုင်သည်ဖြစ်ရာ ခရီးသည်အများဆုံး ဝင်ထွက်သွားလာသော လေဆိပ်လည်း ဖြစ်သည်။ ထို့အပြင် လေဆိပ်အတွင်း ခရီးသည်များ လုံခြုံရေးဝန်ဆောင်မှု၊ နားနေရန်နှင့် လေဆိပ်အတွင်း ဈေးဝယ်ရန် အဆင်ပြေမှု၊ ခရီးသည်များအတွက် ဝင်ထွက်သွားလာမှု အဆင်ပြေခြင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များ လိုက်ပါစီးနင်းရာတွင် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ခြင်း စသည့်အချက်များနှင့် ပြည့်စုံခြင်းကြောင့် ယခုနှစ်၌လည်း ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် ရွေးချယ်ခံရရန် ရေပန်းစားနေသည်။ (အင်တာနက်)

စင်ကာပူနိုင်ငံရှိ ချန်ဂီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို မေ ၂၇ရက်က အဝေးမှ တွေ့မြင်ရစဉ်။
(အင်တာနက် ဓာတ်ပုံ)

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်း နိုင်ငံတကာလေဆိပ်

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းမြို့၌ တည်ရှိသည့် တောင်ကိုရီးယားနိုင်ငံပိုင် နိုင်ငံတကာလေဆိပ်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် အကြီးဆုံးလေဆိပ်ဖြစ်ပြီး အာရှရှိ အကြီးဆုံး လေဆိပ်များ၌ ပါဝင်သည်။ တောင်ကိုရီးယားနိုင်ငံ ဂမ်ပို လေဆိပ်ကို အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ခုနှစ်၌ စတင် ဖွင့်လှစ်ခဲ့သည်။

အင်ချွမ်းနိုင်ငံတကာလေဆိပ်သည်**(ယာပုံ)** နှစ်စဉ်ခရီးသည် ဦးရေ သန်း ၃၀ခန့် ဝင်ထွက်သွားလာနေပြီး နှစ်စဉ်ကုန်တန်ချိန် နှစ်သန်းခွဲခန့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ကမ္ဘာ့တွင် စီးပွားရေးအရ အသုံးပြုမှုအများဆုံး လေဆိပ်များ၌ ၁၁ခုမြောက် လေဆိပ်လည်းဖြစ်သည်။ အင်ချွမ်းနိုင်ငံတကာလေဆိပ်သည် ကမ္ဘာ့အကောင်းဆုံးလေဆိပ် ၁၀ခုစာရင်းဝင်မည်ဟု နာမည်ကြီး လျက်ရှိသည်။ **(အင်တာနက်)**

စင်ကာပူနိုင်ငံ ချန်ဂီ နိုင်ငံတကာလေဆိပ်

စင်ကာပူနိုင်ငံမှ ချန်ဂီနိုင်ငံတကာလေဆိပ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံး လေဆိပ်အဖြစ် ဆုရရှိခဲ့ဖူးပြီး လေဆိပ်နှင့်ပတ်သက်သော ဆုတံဆိပ်ပေါင်း ၂၅၀ကျော် ရရှိထားသည့် လေဆိပ်လည်းဖြစ်သည်။ နိုင်ငံတကာမှ လေကြောင်းလိုင်းပေါင်း ၈၀ ခန့်မှ လေယာဉ်များ နေ့စဉ် ဝင်ထွက်ဆိုက်ရောက်လျက်ရှိသည်။

စာရင်းဝင်

ထို့အပြင် နိုင်ငံပေါင်း ၅၀ကျော်မှ မြို့ကြီးပေါင်း ၁၈၀ကျော်နှင့် လေယာဉ်ခရီးစဉ်များ နေ့စဉ် ပျံသန်းလျက်ရှိသည်။ ချန်ဂီလေဆိပ်သို့ နှစ်စဉ်ခရီးသည် ဝင်ထွက်သွားလာနိုင်မှု ဦးရေမှာ သန်း ၇၀ကျော်ဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် ရွေးချယ်ခံရရန် စာရင်းဝင်လျက်ရှိသည်။ (အင်တာနက်)

အကြောင်းကံ ဖန်လာလေသောအခါ....

နိုင်ငံတကာမှုခင်း

ပို့ထ်လင်းမြို့သည် အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် အနောက်မြောက်ပိုင်း ဝီလီယာမက်တီမြစ်ဆိပ်ကမ်းတွင် တည်ရှိပြီး လူဦးရေ ခြောက်သိန်းကျော်နေထိုင်သည့် မြစ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။ မြစ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှု အတန်အသင့် စည်ကားသည်။

ပို့ထ်လင်းမြို့တွင် အမန်ဒါဂျိုစတော့ စမစ်သ်**(အပေါ်ပုံ)**အမည်ရှိ အမျိုးသမီးသည် ခင်ပွန်းသည် စမစ်သ်နှင့် လွန်ခဲ့သော ၁၀နှစ်က လက်ထပ်ခဲ့ကြပြီး သင့်မြတ်ခဲ့ကြရာ အသက်ခုနစ်နှစ်အရွယ်မိန်းကလေးတစ်ဦးနှင့် အသက်လေးနှစ် အရွယ် အယ်လ်ဒွန်ဂျေရီဘန်စမစ်သ် အမည်ရှိ သားလေးတစ်ဦးတို့ ထွန်းကားခဲ့သည်။

အမန်ဒါ၏ ခင်ပွန်းသည်မှာ အမေရိကန်နိုင်ငံတွင်း၌ပြေးဆွဲနေသည့် သင်္ဘောလိုင်းမှ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

သံယောဇဉ်ကြီးမား

ထို့ကြောင့် အမန်ဒါ၏ ခင်ပွန်းသည် စမစ်သ်မှာ တစ်လတစ်ကြိမ်ခန့်သာ အိမ်တွင် မိသားစုနှင့် ပြန်နေနိုင်ပြီး လုပ်ငန်းသဘာဝကြောင့် တစ်ကြိမ်ပြန်လာလျှင် ငါးရက်ခန့်သာနေနိုင်သည်။ သူမ၏ခင်ပွန်းသည် စမစ်သ်သည် ဝင်ငွေကောင်းကာ မိသားစုတာဝန် ကျေပွန်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဇနီးသည် အမန်ဒါနှင့် သား သမီး နှစ်ဦးအား အဆင့်အတန်းမြင့်မြင့် ပြည့်ပြည့်စုံစုံထားကာ မိသားစုအပေါ် သံယောဇဉ်ကြီးမားလွန်းသူတစ်ဦးလည်း ဖြစ်သည်။

ပြတ်တောက်

စမစ်သ်သည် မိသားစုထံသို့ တစ်လတစ်ကြိမ်မှန်မှန်ပြန်လာကာ ငွေကြေးကိုလည်း မှန်မှန်စုဆောင်းယူလာလေ့ရှိသူဖြစ်သည်။ သားသမီးနှစ်ဦး၏ ပညာရေးကိုလည်း အထူးဂရုစိုက်သည်။ ထိုသို့သော ဖခင်ကောင်းတစ်ဦးဖြစ်သူ စမစ်သ်သည် ၂၀၀၈ခုနှစ် နိုဝင်ဘာလဆန်းမှစတင်ကာ အိမ်သို့ ပြန်လာခဲ့ခြင်း မရှိသကဲ့သို့ စာအဆက်အသွယ်၊ ဖုန်းအဆက်အသွယ်များ ပြတ်တောက်နေခဲ့သည်။

> စမစ်သ်သည် မိသားစုထံသို့ တစ်လတစ်ကြိမ် မှန်မှန်ပြန်လာကာ ငွေကြေးကိုလည်း မှန်မှန်စုဆောင်း ယူလာလေ့ရှိသူဖြစ်။

ဝင်ရောက်ဆိုက်ကပ်

ခင်ပွန်းသည် စမစ်သ်ပြန်မလာသည်မှာ ခြောက်လကျော်ပြီဖြစ်သည့်အတွက် ခင်ပွန်းသည် ပြန်အလာကို စိတ်ရှည်စွာ စောင့်ဆိုင်းခဲ့သော အမန်ဒါမှာ စမစ်သ်အတွက် စိုးရိမ်ပူပန်ကာ နေမထိထိုင်မသာ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ခင်ပွန်းသည် စမစ်သ်အတွက် စိုးရိမ်ပူပန်ရင်း ၄င်းပြောပြခဲ့ဖူးသော အကြောင်းအရာတစ်ခုကို သတိရမိသည်။ အကြောင်းမှာ စမစ်သ် အလုပ်လုပ်ကိုင်နေသည့် သင်္ဘောသည် ပို့ထ်လင်းမြို့ ဝီလီယာမက် တီမြစ်ဆိပ်ကမ်းသို့ အစောဆုံး နံနက် ၄နာရီ၊ နောက်အကျဆုံး နံနက် ၅ နာရီတွင် ဝင်ရောက်ဆိုက်ကပ်လေ့ရှိခြင်းပင် ဖြစ်သည်။

အသက်ချမ်းသာရာရ

စမစ်သ်အတွက် စိုးရိမ်ပူပန်မှု အထွတ်အထိပ်သို့ ရောက်နေသော အမန်ဒါသည် ယခုနှစ် မေလ ၂၄ရက် နံနက် ၃ နာရီတွင်မှ မြစ်ဆိပ်ကမ်းသို့ဆင်းခဲ့သည်။ လူမမယ် ကလေးများကိုလည်း နေအိမ်တွင်ထားခဲ့ရန် စိတ်မချသဖြင့် သူမနှင့်အတူ မြစ်ဆိပ်ကမ်းသို့ ခေါ်ဆောင်ခဲ့သည်။ ထိုသို့ ခေါ်ဆောင်ခဲ့ခြင်းကပင် အာမန်ဒါအဖို့ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်ခဲ့သည်။ အကြောင်းမှာ နံနက် ၄နာရီကတည်းက သားသမီးနှစ်ဦးအား မည်သည့်နေရာမှမသွားရန် ထိန်းသိမ်းရင်း ခင်ပွန်းသည်စမစ်သ် အလုပ်လုပ်ကိုင်သည့်သင်္ဘော ဆိပ်ကမ်းသို့ဆိုက်အလာကို စောင့်ဆိုင်းနေခဲ့သည်။ ခင်ပွန်းသည် စမစ်သ် အကြောင်း တွေးတောရင်း သတိတစ်ချက်လွတ်သွားချိန်တွင် သားသမီးနှစ်ဦးကား သူမအနီးတွင်မရှိတော့ပေ။ သူမသတိရချိန်တွင် ကလေးနှစ်ဦးကား မြစ်ကမ်းပါးမှ ပြုတ်ကျကာ ရေနစ် အော်ဟစ်နေချေပြီ။ သူမကိုယ်တိုင်လည်း သားသမီးဖြေဖြင့် အသံကုန်အော်ဟစ် အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် သူမ၏ အော်သံကို ကြားသော ပတ်ဝန်းကျင်မှ ပြည်သူများ အခင်းဖြစ်အရပ်အနီးရှိ ဆဲလ်ဝုဒ်တံတားမှ လုံခြုံရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို ဝိုင်းဝန်းဆက်သွယ် အကူအညီ တောင်းပေးခဲ့ကြသဖြင့် ကလေးနှစ်ဦးအား ချက်ချင်းလိုက်လံရှာဖွေခဲ့သော်လည်း အမှောင်ထုကြောင့် ရှာဖွေရေးတွင် အခက် အခဲဖြစ်ပြီး မတွေ့ရှိခဲ့ချေ။ သို့သော်လည်း ကံအားလျော်စွာ မြစ်အောက်ပိုင်းတွင် မြစ်အတွင်း ငါးရှာနေကြသော ရေလုပ်သားဇနီးမောင်နှံက ကလေးနှစ်ဦးကို တွေ့ရှိဆယ်ယူကာ ကယ်ဆယ်ခဲ့သဖြင့် လေးနှစ်သားအရွယ် အယ်လ်ဒွန်ဂျေရီဘန်စမစ်သ် သေဆုံးခဲ့သော်လည်း ခုနစ်နှစ်အရွယ် သမီးငယ်ကိုမူ အချိန်မီ ဆေးရုံတင်ပို့ကုသနိုင်ခဲ့သဖြင့် အသက်ချမ်းသာရာ ရခဲ့သည်။

ရုံးတင်စစ်ဆေး

ယင်းကလေးနှစ်ဦး ရေနစ်သေဆုံးခဲ့ရမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာက မေ ၂၄ရက် ညပိုင်းတွင် တရားရုံးက အမန်ဒါဂျိုစတော့ စမစ်သ်(၃၁နှစ်)အား ဖမ်းဆီးပြီး လူသတ်မှုနှင့် စွဲချက်တင်ကာ ရုံးတင်စစ်ဆေးခဲ့သည်။

ယခုဖြစ်စဉ်တွင် မိသားစုအပေါ် ခင်ပွန်းဝတ္တရား၊ ဖခင်ဝတ္တရား ကျေပွန်ခဲ့သော၊ ကာလကြာရှည်စွာ အိမ်နှင့် အဆက်အသွယ်ပြတ်နေသော စမစ်သ်အား တွေ့ချင်ဇောဖြင့် မြစ်ဆိပ်သို့ ဆင်းခဲ့သော အမန်ဒါဂျို စတော့စမစ်သ်၏ ခင်ပွန်းသည် စမစ်သ်နှင့် မတွေ့ရဘဲ ရေးအကြောင်းကံ ဖန်လာမှုကြောင့် သားဖြစ်သူ ရေနစ် သေဆုံးမှုတွင် လူသတ်မှုဖြင့် တရားစွဲဆိုခံခဲ့ရသည့်အဖြစ်ကို သင်ခန်းစာယူဖွယ် ရေးသားလိုက်ရပါ ကြောင်း။ ။

ကိုးကား- အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ခံတွင်းနှင့်သွားရောဂါ ဖြစ်ပွားသူများ နှလုံးရောဂါနှင့် ရုတ်တရက် လေဖြတ်ခြင်းတို့ ခံစားနိုင်

ခံတွင်းနှင့်သွားရောဂါများ ဖြစ်ပွားလေ့ရှိသူများသည် နှလုံးရောဂါရုတ်တရက် တိုက်ခိုက်ခံရနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

သွားသန့်ရှင်းခြင်းကို ငယ်ရွယ်စဉ်က ဂရုစိုက်မှုမရှိခဲ့သူများသည် အသက်အရွယ်ရလာသည့်အခါ သွားရောဂါနှင့်သွားဖုံးရောဂါများ ခံစားရနိုင်ကြောင်း၊ ထို့အပြင် ပိုင်းရပ်စ်ပိုးများကြောင့် သွားဖုံးရောဂါများ ဖြစ်ပွားလေ့ရှိသူများ အနေဖြင့် လေဖြတ်ခြင်း ခံရရန် ရာခိုင်နှုန်း များကြောင်း ၄င်းတို့က ပြောကြားသည်။



ဆက်စပ်လျက်ရှိ

သွားနှင့်ခံတွင်းရောဂါ ဖြစ်ပွားမှုများသည် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားခြင်းတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊ သွားနှင့်ခံတွင်းရောဂါဖြစ်ပွားသူ ၂၀၀၀အား သုတေသနပြုချက်အရ သိရှိရသည်။ သွားနှင့်ခံတွင်းရောဂါဖြစ်ပွားသူ ၂၀၀၀ကို သုတေသနပြုရာ၌ ၄၀ရာခိုင်နှုန်းသည် လေဖြတ်ခြင်းနှင့်နှလုံးရောဂါ တိုက်ခိုက်ခံရသူများ ဖြစ်နေကြသည်ကို တွေ့ရှိရကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်တာနက်ကျန်းမာရေး

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏ ၂၂၆ စင်းမြောက် ဆွာချောင်းတံတားသစ်ကြီး ပဲခူးတိုင်းတွင် ဖွင့်လှစ်

ရန်ကုန် - ပဲခူး - နေပြည်တော် - မန္တလေးလမ်းခရီးကို လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်

နေပြည်တော် မေ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရန်ကုန်-တောင်ငူ-မန္တလေး ပြည်ထောင်စုလမ်း မိုင်တိုင် အမှတ်(၁၉၈/၂)ရှိ ဆွာချောင်း တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်အားပေး

ဆွာချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ရောဝတီတိုင်း ကျုံပျော်မြို့နယ်အတွင်းရှိ အင်းရဲကြီးအင်းကို ဤသို့ တွေ့ရသည်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)



အင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းကြိုးပမ်းပေး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ဝင်းကြိုင် (ငါးလုပ်ငန်းအဖွဲ့ချုပ်)

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံတွင် ရေချိုငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးခြင်းမရှိမီကပင် မြန်မာတို့သည် သဘာဝ အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ အမျိုးမျိုးသော ရေချိုငါးများကို အဓိကထား၍ နှစ်သက်ခုံမင်စွာ စားသုံးခဲ့ကြပါသည်။ မြန်မာတို့၏ ရိုးရာငါးစားသုံးမှုပုံစံအမျိုးမျိုးတွင် ငါးကို ဟင်းအဖြစ် ချက်ပြုတ်စားသုံးခြင်းသာမက ရေချို ငါးပိ၊ ငါးခြောက်၊ ငါးချဉ်၊ ရေချိုမျှင် ငါးပိ၊ ငါးပိကောင်၊ ငါးဆားနယ်၊ ငါးကျပ်တင်၊ ပုစွန်ခြောက်၊ ပုစွန်ချဉ်နှင့် ငါး-ပုစွန်င်ပြာရည် စသည်တို့ကိုလည်း ခုံမင်နှစ်ခြိုက်စွာ စားသုံးကြပါသည်။ ယခင်က မြန်မာတို့သည် ပင်လယ်ငါးများကို နှစ်သက်ခြင်းမရှိဘဲ ရေချိုငါး-ပုစွန်များကိုသာ အဓိကထား စားသုံးလေ့ရှိကြသောကြောင့် ''ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်''ဟူ၍ ပင်လယ်ငါးစားသုံးကြရန် ကြော်ငြာခဲ့ရဖူးပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

အင်းရဲကြီးအင်းအတွင်း ငါးဖမ်းဆီး နေကြစဉ်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၉-၅-၂၀၀၉

နေပြည်တော်	၀ ဒသမ ၄၃ လက်မ
ရေး	၂ ဒသမ ၇၉ လက်မ
ဘီးလင်း	၂ ဒသမ ၀၅ လက်မ
သိမ်ဖြူ	၂ ဒသမ ၀၅ လက်မ
သံတွဲ	၁ ဒသမ ၈၅ လက်မ